# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၄၇)၊ ၁၃၈၆ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၁၅-၁-၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ် ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြုသင့်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ (၇၃)နှစ်မြောက် ကယားပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ**

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်)**

ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသား မိဘပြည်သူ ညီအစ်ကိုမောင်နှမများ ခင်ဗျား-

ယနေ့ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့သည် ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် ကယားတိုင်းရင်းသားများအတွက် မင်္ဂလာ အပေါင်းနှင့်ပြည့်စုံသော ကယားပြည်နယ်နေ့ ဖြစ်ပါသည်။ ယခုကဲ့သို့ နှစ်သစ်ကူးအခါသမယတွင် ကျရောက်သည့် ကယားပြည်နယ်နေ့၌ ကယားတိုင်းရင်းသားများနှင့် ပြည်ထောင်စုဖွား မိဘပြည်သူများအားလုံး ကိုယ်၏ကျန်းမာ ခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြည်နယ်တစ်ခုအဖြစ်ပါဝင်သော ကရင်နီပြည်နယ်ကို ၁၉၅၁ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပြင်ဆင်ချက် အက်ဥပဒေအရ လွှတ်တော်ဆန္ဒဖြင့် ၁၉၅၂ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့မှစ၍ ကယားပြည်နယ်အဖြစ် တရားဝင် ပြောင်းလဲခေါ်ဝေါ်ခဲ့ပါသည်။ ထိုသို့ ကယားပြည်နယ်ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့သည့် နေ့ရက်ကို **"ကယားပြည်နယ်နေ့"** အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

**စာမျက်နှာ ၃ သို့** ❖

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပဓာနအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ပိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက် ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကျင်းပ

# ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေးပါသည့် ဇုန်တစ်ခုဖြစ်လာနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၄**

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တတိယအကြိမ် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်း အဖွဲ့ဥက္ကဋ္ဌ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အဖွဲ့ဝင်များဖြစ် ကြသည့် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက် ကြသည်။

ဦးစွာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ က သီလဝါအထူးစီးပွားရေးဇုန်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအသစ် များ ဝင်ရောက်ခဲ့မှုအခြေအနေ၊ မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်း ကုမ္ပဏီ (Myanmar Government Designated Entity-GDE) အဖြစ် ဖွဲ့စည်းထားသည့် Kyauk Phyu SEZ Consortium Company Limited နှင့် CITIC Consortium တို့အကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ပြီး လုပ်ငန်းများ အောင်မြင်အောင် ဆက်လက်ဆောင်ရွက် ရန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်သည် အရှေ့တောင်အာရှတွင် အရေး ပါသည့်ဇုန်တစ်ခု ဖြစ်လာနိုင်သည့်အတွက် ဆက်လက်ဆောင်ရွက်ရ မည့်ကိစ္စရပ်များကို အရှိန်အဟုန်မပြတ်ဆောင်ရွက်ပြီး ရင်းနှီးတည် ထောင်သူနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ရေး၊ နိုင်ငံအတွင်း အထူး စီးပွားရေးဇုန်များ ဖွံ့ဖြိုးမှုမြန်ဆန်ရေး၊ ရင်းနှီးတည်ထောင်သူနှင့် ရင်းနှီး မြှုပ်နှံသူများအား မြန်မာအထူးစီးပွားရေးဇုန်ဥပဒေ၊ နည်းဥပဒေများနှင့် အညီ ဆောင်ရွက်ပေးရေးကိစ္စရပ်များကို ပြောကြားသည်။

ဆက်လက်၍ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌက

**စာမျက်နှာ ၅ သို့** ⌘

## အများအားဖြင့် သာယာမည်

**(၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ(၁၄)ရက်နေ့ ည(၇း၀၀)နာရီအချိန် ထုတ်ပြန်ချက်)**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း နှင့်အရှေ့ပိုင်း)တို့တွင် အများအားဖြင့် သာယာပြီး၊ ကျန်တိုင်းဒေသ ကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကချင်ပြည် နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်ပါသည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန် အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အနည်းငယ်ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** အများအားဖြင့် သာယာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇန်နဝါရီ ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

# အသေးစားနှင့် အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံတွင် ၂၀၂၅ ခုနှစ် ဇန်နဝါရီလအထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ပြည်ပကုမ္ပဏီ ၅၃ ခု၊ ပြည်တွင်းကုမ္ပဏီ ၁၁၂ ခုနှင့် အစုစပ်ကုမ္ပဏီ ကိုးခု စုစုပေါင်း ၁၇၄ ခုရှိပြီး ယင်းကုမ္ပဏီများမှ တိုင်းဒေသကြီး၊ ပြည်နယ် ၁၅ ခုရှိ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်၊ ရပ်ကွက် ၂၃၀၀ နှင့် ကျေးရွာပေါင်း ၂၇၀၀၆ ရွာရှိ အသင်းဝင်ဦးရေ ၃ ဒသမ ၂၂၈ သန်းသို့ ငွေကျပ် ၂၀၁၁ ဒသမ ၀၇၇ သန်း ထုတ်ချေးထားကြောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနက သိရသည်။

အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ဝင်ငွေနည်းပြည်သူများသို့ ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအနေဖြင့် ငွေကြေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးရာတွင် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါသည့် လယ်ယာစိုက်ပျိုးရေး လုပ်ငန်းများအပြင် MSME လုပ်ငန်းကဏ္ဍများ တိုးတက်စေရေးအတွက်ကိုလည်း ချေးငွေများ ထုတ်ချေးပေးထားကြောင်း၊ ကော်မတီအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများအား ကော်ပိုရိတ်အသက်အာမခံကိုယ်စားလှယ် ဆောင်ရွက်ခွင့်ပြုခြင်း၊ Digital Financial Services များ အသုံးပြု၍ ချေးငွေပြန်လည်ကောက်ခံခြင်းနှင့် ချေးငွေရယူသူ၏ ငွေစာရင်းသို့ ချေးငွေထုတ်ချေးခြင်းတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အစည်းအဝေးတွင် နိုင်ငံ၏ လက်ရှိလူမှုစီးပွားဖြစ်ပေါ်တိုးတက်မှုများနှင့် လိုက်လျောညီထွေသည့် အများဆုံးထုတ်ချေးငွေသတ်မှတ်ချက်နှင့် စုဆောင်းငွေသတ်မှတ်ချက် တိုးမြှင့်ပေးနိုင်ရေး ဆွေးနွေးဆုံးဖြတ်သွားရန်ဖြစ်ကြောင်း ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ(၁/၂၀၂၅)အစည်းအဝေး၌ ပြောကြားခဲ့သည်။

အသေးစားနှင့် အငယ်စား၊ အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့်ချေးငွေများ ရရှိစေရန် ပြည်တွင်းဘဏ်များသာမက အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီများမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ဒစ်ဂျစ်တယ်ငွေကြေးဝန်ဆောင်မှုရယူသုံးစွဲရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ကြရန် လိုအပ်သည်။

သို့ဖြစ်ရာ အသေးစားနှင့် အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုပြီးသည့် ကုမ္ပဏီများအနေဖြင့် ထုတ်ပြန်ထားသော ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များအား အလေးထားလိုက်နာဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)၌ ယနေ့နံနက်ပိုင်းက မြတ်ရတနာခန်းမတွင် မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပသည်။





**(အပေါ်ယာပုံ)**

(၂၀၂၄-၂၀၂၅) ပညာသင်နှစ် ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (မန္တလေး)သို့ တတ်ရောက်ခွင့်ရသည့် ပထမနှစ် ကျောင်းသား၊ ကျောင်းသူများကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စတုတ္ထနှစ် ကျောင်းသား ကျောင်းသူများမှ ကြီးမှူး၍ မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားအား ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ တက္ကသိုလ်တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် တိုင်းရင်းသားရိုးရာ အက၊ အဆို၊ တေးသရုပ်ဖော်အက၊ မောင်/မယ် ရွေးချယ်ခြင်း စသည်တို့ဖြင့် ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပြီး၊ ဆုရရှိသူများကို ဒုတိယပါမောက္ခချုပ် ပါမောက္ခဒေါက်တာလင်းထက်မြင့်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။ အခမ်းအနားသို့ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ (၄၀၀)ဦးခန့် တတ်ရောက်ခဲ့ကြောင်း သိရသည်။

**စာနည်းကိုကို(ပြန်/ဆက်)**

## မန္တလေးမြို့တွင် ပန်းချီဆရာ ခင်မောင်ညို(ချင်းတွင်းရေကြည်)၏ ရသရန့် ဒုတိယအကြိမ် တစ်ကိုယ်တော်ပန်းချီပြပွဲ ၃ ရက်ကြာ ပြသမည်



**မန္တလေး ဇန်နဝါရီ ၁၄**

ပန်းချီဆရာ ခင်မောင်ညို (ချင်းတွင်းရေကြည်)၏ ရသရန့် ဒုတိယအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲ (YATHAYANANT SOLO ART SHOW) ကို ဇန်နဝါရီ ၁၈ ရက်မှ ၂၀ ရက်နေ့အထိ မန္တလေးမြို့၊ ၅၇ လမ်း၊ ၁၀၃ လမ်းနှင့် ၁၀၄ လမ်းကြားရှိ Collector's Soul တွင် ပြသသွားမည်ဖြစ်သည်။

"ပန်းချီကား ၆၃ ကား လောက်ပြသပါမယ်။ အခရိုင်းလစ်နဲ့ ရေဆေးကားတွေပါ၊ တစ်ပေပတ်လည်အရွယ်ကနေ ၃ ပေလောက်ရှိတဲ့ ကားတွေပြသမှာပါ။ နောက်ပိုင်း မန္တလေးမှာ ဆွဲဖြစ်တဲ့ ကားတွေပါ၊ ရှုခင်းပုံတွေများမယ်၊ ရုပ်သေးအက၊ မင်းသမီးအက ပန်းချီကားတွေလည်း ပြသမယ်"ဟု ပန်းချီဆရာ ခင်မောင်ညိုက ပြောသည်။ ပန်းချီကားဈေးနှုန်းများကို ငွေကျပ် ငါးသောင်းမှ ငွေကျပ် ခုနစ်သိန်းအထိ သတ်မှတ်ရောင်းချပေးမည်ဖြစ်ပြီး ယခင် မန္တလေးတောင် ပန်းချီပြခန်းတွင် ကျင်းပသော ပထမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲတွင် ပန်းချီကား ၇၇ ကား ပြသရာ ပန်းချီကား ၂၀ ကျော် ရောင်းချရကြောင်း သိရသည်။

"အသက် ၇၈ နှစ်အဝင် အထိမ်းအမှတ်အနေနဲ့ ပန်းချီပြပွဲ ကျင်းပတာပါ။ ကိုယ်ရေးဆွဲထားတဲ့ ပန်းချီလက်ရာတွေကို အများပြည်သူ ပန်းချီမြတ်နိုးသူတွေ လေ့လာကြည့်ရှုနိုင်ဖို့ ပန်းချီပြပွဲကို ကျင်းပရတာပါ"ဟု ပန်းချီဆရာ ခင်မောင်ညိုက ပြောသည်။ ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်က ရသရန့် ပထမအကြိမ် တစ်ကိုယ်တော် ပန်းချီပြပွဲကို မန္တလေးတောင် ပန်းချီပြခန်းတွင် ပြသခဲ့ပြီး ယခင် ရန်ကုန် လောကနတ်ပြခန်း၊ ယုဒသဿန်ပြခန်း၊ နေမျိုးဆေး ပြခန်း၊ ပန်းချီ ပန်းပုအစည်းအရုံး (ဗိုလ်ချုပ်ဈေး)ပြခန်းတို့တွင် ချင်းတွင်းရေကြည်အဖွဲ့လိုက်ပြပွဲများတွင် ပါဝင်ပြသခဲ့ကြောင်း ပန်းချီဆရာ ဦးခင်မောင်ညိုထံမှ သိရသည်။

ပန်းချီဆရာ ခင်မောင်ညို (ချင်းတွင်းရေကြည်)ကို (အဘ) ဦးအေးမောင်၊ (အမိ)ဒေါ်လှသိန်းတို့က ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်တွင် မွေးဖွားခဲ့ခြင်းဖြစ်ပြီး ပန်းချီပညာကို ပန်းချီဆရာကြီး ဦးဘတိုးနှင့် ရန်ကုန်မြို့နေ ပန်းချီဆရာကြီး ဦးဘမိုးတို့ထံ သင်ယူခဲ့ခြင်းဖြစ်ပြီး ၁၉၇၀ နောက်ပိုင်းနှစ်များက စတင်၍ ကိုယ်ပိုင်ပန်းချီလုပ်ငန်းဖြင့် ဒီဇိုင်း၊ ဆိုင်းဘုတ်၊ ပိုစတာ၊ နိပါတ်တော်ရေးပန်းချီကားများကို ရေးဆွဲခဲ့သည်။

ပန်းချီဆရာ ခင်မောင်ညိုသည် ကိုယ်ပိုင်အထက်တန်းကျောင်းများတွင် အချိန်ပိုင်းပန်းချီနည်းပြခဲ့သလို၊ မုံရွာတက္ကသိုလ်နွေရာသီသင်တန်းများတွင်လည်း ပန်းချီနည်းပြဆောင်ရွက်ကာ ပန်းချီပညာများကို သင်ကြားဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(၃၉၄)

၀-၀-၀-၀-၀

## ဆေးဝါးတက္ကသိုလ်(မန္တလေး)၂၀၂၅ ပညာသင်နှစ် အားကစားပြိုင်ပွဲများ ကျင်းပ

**အမရပူရ ဇန်နဝါရီ ၁၄**

မန္တလေး၊ အမရပူရမြို့နယ်ရှိ ဆေးဝါးတက္ကသိုလ်(မန္တလေး)၌ ၂၀၂၅ ပညာသင်နှစ် အားကစားပြိုင်ပွဲများ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီခွဲက အဆိုပါတက္ကသိုလ် ပင်မဆောင်ရှေ့တွင် ကျင်းပသည်။

ဦးစွာ ဆေးဝါးတက္ကသိုလ် (မန္တလေး)ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာသိန်းမေစောက အဖွင့်အမှာစကားပြောကြားခဲ့ပြီး၊ အတန်းပေါင်းစုံမှ ကျောင်းသူလေးများက Cheerleader အကဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

ဆက်လက်ပြီး ဖွင့်ပွဲအဖြစ် အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲတွင် စတုတ္ထနှစ်နှင့် ပထမနှစ် ကျောင်းသူလေးများ ယှဉ်ပြိုင်ကစားခဲ့ရာ ပထမနှစ် ကျောင်းသူများက နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**(အောက်ပုံ)**

ယနေ့ ကျင်းပသော ၂၀၂၅ ခုနှစ် ပညာသင်နှစ် အားကစားပြိုင်ပွဲများတွင် (အမျိုးသမီး) ဖူဆယ်ဘောလုံးပြိုင်ပွဲ၊(အမျိုးသား) ဘောလုံးပြိုင်ပွဲ၊ လွန်ဆွဲပွဲ၊ (အမျိုးသား၊ အမျိုးသမီး) ကြက်တောင်ရိုက်ပြိုင်ပွဲ၊ (အမျိုးသား) ပိုက်ကျော်ခြင်းပြိုင်ပွဲများ ပါဝင်ခဲ့သည်။ ပျော်ပွဲရွှင်ပွဲအဖြစ် ထိုင်ခုံလုပြိုင်ပွဲနှင့် မုန့်စားပြိုင်ပွဲများလည်း ထည့်သွင်းထားပြီး ဆုများကို ဇန်နဝါရီ ၁၈ ရက်တွင် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးသီဟ(အမရ)**



မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

# ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့်အင်အားသည် အဓိကဖြစ်

❖ *ရှေ့ဖုံးမှ*

ကယားပြည်နယ်သည် တောတောင်ရေမြေသဘာဝအလှတရားများ၊ မြေပေါ်မြေအောက် သယံဇာတများ ပေါကြွယ်ဝကာ ရိုးရာယဉ်ကျေးမှုအလှများဖြင့် သာယာလှပသော ပြည်နယ်ဖြစ်ပါသည်။ ရာသီဥတုမျှတပြီး ဒေသခံတိုင်းရင်းသားများ၏ ရင်းနှီးဖော်ရွေမှု၊ ရိုးသားပွင့်လင်းမှုတို့သည် ပြည်နယ်၏ နှစ်သက်စွဲလမ်းဖွယ်ရာ ဂုဏ်အင်္ဂါများပင်ဖြစ်ပါသည်။ ထို့အပြင် ဒေသခံတိုင်းရင်းသားပြည်သူများက ပြည်နယ်အကျိုးကို ဝိုင်းဝန်းဆောင်ရွက်မှုတို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး ခိုင်ခိုင်မာမာ ရပ်တည်နိုင်ခဲ့သည့် ပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ထိုသို့ ရရှိပြီးအခြေခံကောင်းများကို အမိအရဆုပ်ကိုင်၍ ကယားပြည်နယ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်အစိုးရနှင့်အတူ ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ထာဝရငြိမ်းချမ်းရေးကို သားစဉ်မြေးဆက်ခံစားနိုင်အောင် တည်ဆောက်သွားကြရန် အထူးလိုအပ်နေချိန် ဖြစ်ပါသည်။

မိမိတို့မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကတည်းက ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်စာပေနှင့် ကိုယ်ပိုင်ဘာသာစကားများဖြင့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံးတို့သည် နိုင်ငံ၏ ဒေသအသီးသီးတွင် ဥမကွဲသိုက်မပျက်၊ စည်းလုံးညီညွတ်စွာ ယှဉ်တွဲ၍ နေထိုင်ခဲ့သော အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။ ထိုကဲ့သို့ စည်းလုံးညီညွတ်ခဲ့သည့် နိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့သည် ၁၈၂၄ ခုနှစ်ကစ၍ မတရားကျူးကျော်စစ် သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကို သွတ်သွင်းခဲ့ပါသည်။

ထို့နောက် နယ်ချဲ့တို့သည် တောင်ပေါ်မြေပြန့် တစ်ခုချင်းစီကို ဥပဒေများ ခွဲခြားပြဋ္ဌာန်းပြီး နှစ်ပေါင်းတစ်ရာကျော် ရည်ရွယ်ချက်ရှိရှိဖြင့် သွေးခွဲအုပ်ချုပ်ခဲ့ကြပါသည်။ ပြည်မကို အုပ်ချုပ်ရာတွင်လည်း ကွဲပြားခြားနားမှုများပြားအောင် လုပ်ဆောင်ခဲ့ကြပါသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့ လွတ်လပ်ရေးရရှိပြီးစဉ် နိုင်ငံရေးပါတီများ၏ အာဏာလွန်ဆွဲမှု ပြင်းထန်လာခဲ့သည်ကို တွေ့ရှိရပါသည်။ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် ဗမာပြည် ကွန်မြူနစ်ပါတီသည် နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းဖြင့် မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာမှစ၍ လွတ်လပ်ရေး၏ အနှစ်သာရကို မခံစားရဘဲ နိုင်ငံအဝန်း တိုက်ပွဲများဖြင့် လက်နက်ကိုင်ပဋိပက္ခများ စတင်ခဲ့ပါသည်။ အလားတူ နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု ပယောဂကြောင့် အချို့တိုင်းရင်းသားများကလည်း အယူဝါဒအမျိုးမျိုးဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ဖော်ဆောင်ခဲ့ကြပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု ကင်းမဲ့ခဲ့သည်မှာ ယနေ့ကာလအထိ ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း (၇၆) နှစ်ကျော်လွန်ခဲ့ပြီဖြစ်၍ လက်နက်ကိုင်ပဋိပက္ခ မည်သည့်အကြောင်းကြောင့် ဖြစ်ပွားနေရသည်ကို ပြန်လည်ဆန်းစစ်ကြည့်ရန် လိုပါသည်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလ၌ အားနည်းချက်များကို သိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းမည်ဖြစ်ပါသည်။ နိုင်ငံရေးအယူအဆကွဲလွဲမှုများကို နိုင်ငံရေးနည်းနှင့်မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေခြင်းဖြစ်ပြီး တည်ငြိမ်အေးချမ်းမှု မရှိခြင်းကို သတိပြုသင့်ကြပါသည်။

လက်ရှိနိုင်ငံတွင်း၌ ဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများနှင့် ဆူပူအကြမ်းဖက်မှုများမှာ ဒီမိုကရေစီရေးကို ဆောင်ရွက်နေသည်ဟု ဆိုသူများက မဲမသမာမှုများဖြင့် နိုင်ငံတော်အာဏာကို မတရားသဖြင့် ရယူရန်ဆောင်ရွက်ခဲ့ပြီး ဥပဒေနှင့်အညီ ဒီမိုကရေစီနည်းလမ်းကျ ဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြသောကြောင့်သာ ဖြစ်ပါသည်။ ဒီမိုကရေစီစနစ်ကို ကျင့်သုံးကာကွယ်နေပါသည်ဟုဆိုသော ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နှင့် ဆန့်ကျင်ဘက်ဖြစ်သည့် လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အားပေးအားမြှောက်ပြုလုပ်နေကြပါသည်။ ၎င်းတို့မှာ မိမိတို့နိုင်ငံအား သူတို့အလိုကျ ခြယ်လှယ် ချုပ်ကိုင်နိုင်ရန်နှင့် ပြည်သူလူထု၏ ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေပြီး ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေခြင်းပင်ဖြစ်သည်ကို သတိပြုမိကြစေလိုပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းသွားရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပနိုင်ရေး လိုအပ်သည့် ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီး တရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက် ပြောကြားလိုပါသည်။ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားပြည်သူများ၏ ဆန္ဒနှင့်အညီ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရန် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ နိုင်ငံ့ဝန်ထမ်းများအားလုံး၊ အရပ်ဘက်အဖွဲ့အစည်းများအားလုံး၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

> ❑ **နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူ့ဆန္ဒဖြစ်သည့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေ ဆက်လက်လျှောက်လှမ်းသွားရမည်ဖြစ်၊ ထိုကဲ့သို့ လျှောက်လှမ်းနိုင်ရန် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်ရေး လိုအပ်သည့်ပြင်ဆင်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိ၊ မဲဆန္ဒရှင်ပြည်သူများ၏ ဆန္ဒမှန်ကိုထုတ်ဖော်နိုင်သည့် လွတ်လပ်ပြီးတရားမျှတသည့် အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း အလေးအနက်ပြောကြားလို၊ နိုင်ငံတော်အကျိုး၊ တိုင်းရင်းသားပြည်သူလူထု၏ အကျိုးကိုသာ အစဉ်ရှေးရှု ကြိုးပမ်းဆောင်ရွက်ပြီး နိုင်ငံတော်ကြီး ပိုမိုတည်ငြိမ်အေးချမ်းပြီး သာယာဝပြောစေရန်နှင့် စားရေရိက္ခာဖူလုံစေရန် အဓိကထားပြီး တိုင်းရင်းသားပြည်သူများနှင့်အတူ တက်ညီလက်ညီ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်**

ရည်မှန်းချက်ပန်းတိုင်သို့ ရောက်ရှိရန် အဓိကကျသည့်အချက်မှာ မိမိတို့တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ကြရေးနှင့် နိုင်ငံတည်ငြိမ်အေးချမ်းရေးပင် ဖြစ်ပါသည်။ ယခုလတ်တလော အခြေအနေတွင် ပြည်ပနိုင်ငံများ၏ သွေးထိုးလှုံ့ဆော်မှုများ၊ သဘောထားကွဲလွဲပြီး နိုင်ငံနှင့် ပြည်သူအကျိုးကို မျက်ကွယ်ပြုလုပ်ဆောင်နေသော အချို့အဖွဲ့အစည်းများ၏ ခြေထိုးမှုများ၊ ကျင့်ဝတ်ဖောက်ဖျက်ပြီး နိုင်ငံတော်ကို အန္တရာယ်ချောက်ကမ်းပါးထဲသို့ ဆွဲချနေသည့် မဟုတ်မမှန် လုပ်ကြံသတင်းများ၊ NUG, CRPH, PDF အစရှိသည့် အကြမ်းဖက်အဖွဲ့အစည်းများ၏ သွေးဆောင်စည်းရုံးမှုနှင့် အကြမ်းဖက်လုပ်ရပ်များကြောင့် ဒေသအချို့တွင်ရှိသည့် ပြည်သူလူထုအကြား အသိအမြင်များ မှားပြီး ညီညွတ်မှုများပြိုကွဲကာ မငြိမ်းမချမ်းဖြစ်နေသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကယားပြည်နယ်တွင် မကြာမီကာလက KNDF အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် လွိုင်ကော်မြို့အပါအဝင် မြို့ရွာများ ထိခိုက်ပျက်စီးခဲ့ရပါသည်။ ပြည်နယ်အတွင်းနေထိုင်သည့် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများက ကိုယ့်ဒေသကိုယ်ဖျက်ဆီးသည့် လုပ်ရပ်ဖြစ်ပါသည်။ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေး တည်ငြိမ်အေးချမ်းရေးအတွက် ၎င်းဒေသတွင် နေထိုင်သူများကပင် လုပ်ဆောင်ကြရမည်ဖြစ်ပြီး ဒေသ၏ ဖွံ့ဖြိုးတိုးတက်မှု ပျက်စီးစေရန်နှင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန် လုပ်ဆောင်မှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်မှာလည်း ဒေသခံများပင်ဖြစ်ပါသည်။ အကြမ်းဖက်တိုက်ခိုက်မှုများကို ဒေသခံတိုင်းရင်းသားအဖွဲ့အစည်းများက လုပ်ဆောင်ခြင်းသည် အမျိုးသားရေးစိတ်ဓာတ်ကင်းမဲ့ပြီး လွဲမှားသည့် အတွေးအခေါ် အယူအဆများဖြင့် နိုင်ငံရေးအရ ရင့်ကျက်မှုမရှိခြင်းနှင့် ကိုယ့်ဒေသ၊ ကိုယ့်တိုင်းရင်းသားကို သစ္စာဖောက်ဖျက်ခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် ဒေသအတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဒေသခံများ၏ လုံခြုံရေးကို ဖျက်ဆီးနေသည့် ဒေသတွင်းနေထိုင်သော လက်နက်ကိုင်အဖွဲ့အစည်းများ၏ အကြမ်းဖက်လုပ်ဆောင်မှုများ လျော့ပါးစေရေးအတွက် ၎င်းတို့သက်ဆိုးရှည်စေမည့်ကိစ္စရပ်များကို ပြည်သူအားလုံးက ဝိုင်းဝန်းတားဆီး ဆောင်ရွက်ပေးကြစေလိုပါသည်။

အကြမ်းဖက်သောင်းကျန်းသူများသည် မြို့ရွာများရှိ နေအိမ်များ၌ ဝင်ရောက်နေထိုင်ပြီး ဒေသခံပြည်သူလူထုကို အကာအကွယ်ယူ၍ နှောင့်ယှက်ဖျက်ဆီးတိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းဖြစ်၍ ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူ အမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အဓိကလိုအပ်ချက်မှာ ပြည်သူများအားလုံး အသိဉာဏ်ပညာ ပြည့်ဝရေးနှင့် အတွေးအခေါ် မှန်ကန်ရေးပင်ဖြစ်ပါသည်။ နိုင်ငံနှင့် ပြည်သူ့အကျိုးကို ပြည်သူများကပင် အသိပညာဖြင့် ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ပြည်သူများ အသိပညာဗဟုသုတပြည့်ဝကြစေရန်နှင့် ပညာပြည့်ဝပြီး လူ့စွမ်းအားအရင်းအမြစ်များ ပြည့်စုံသောလူငယ်များ ပေါ်ထွက်လာရေး ပညာရေးကဏ္ဍကို မြှင့်တင်ပေးလျက်ရှိရာ တိုင်းရင်းသားမိဘပြည်သူများက ဝိုင်းဝန်းပူးပေါင်းပါဝင်ကြရန် တိုက်တွန်းလိုပါသည်။ မဖွင့်နိုင်သေးသည့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပရောက်ပြီး ကျောင်းမတက်နိုင်ကြသည့် ကျောင်းသားများ ကျောင်းသို့ ပြန်လည်ရောက်ရှိရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးကြရန် လိုပါသည်။ သို့မှသာ လူငယ်များ ဗလငါးတန်ပြည့်ဝပြီး ဒေသအကျိုး၊ နိုင်ငံနှင့် လူမျိုးအကျိုးကို ဆောင်ရွက်နိုင်ကြမည် ဖြစ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော ကယားပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူညီအစ်ကို မောင်နှမများခင်ဗျာ –**

ယခုထက်ပို၍ ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် ပြည်နယ်တစ်ခုဖြစ်ပေါ်လာရန် ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး၏ စိတ်ဓာတ်နှင့် အင်အားသည် အဓိကဖြစ်ပါသည်။ နိုင်ငံ၏အားသည် နိုင်ငံအတွင်းမှာရှိသကဲ့သို့ ပြည်နယ်၏ အင်အားသည်လည်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး၏ စုပေါင်းအားပင် ဖြစ်ပါသည်။

ပြည်ထောင်စုကြီး အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ဖြင့် နိုင်ငံနှင့် ပြည်သူကို ကာကွယ်စောင့်ရှောက်ပေးကြပါ။ နိုင်ငံ၏ အနာဂတ်လူငယ်မျိုးဆက်သစ်များကို တန်ဖိုးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြပါ။ ကယားပြည်နယ်ရှိ တိုင်းရင်းသားများကလည်း အတွေးအခေါ် အယူအဆမှန်ကန်စွာဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များတွင် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် ကယားပြည်နယ်တစ်ခုလုံး အေးချမ်းသာယာ၍ ဘက်ပေါင်းစုံဖွံ့ဖြိုးတိုးတက်ကာ တိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများ တိုးတက်မြင့်မားပါစေကြောင်း ဆန္ဒပြုတိုက်တွန်းလျက် ဤသဝဏ်လွှာပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
နိုင်ငံတော်ဝန်ကြီးချုပ်
ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ဆေးတက္ကသိုလ်(မန္တလေး)ဆေးပညာပထမနှစ် (၁/၂၀၂၅) ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားသို့ တက်ရောက်

**မန္တလေး ဇန်နဝါရီ ၁၄**

ဆေးတက္ကသိုလ်(မန္တလေး)၊ ဆေးပညာပထမနှစ်(၁/၂၀၂၅) တွင် ပညာသင်ကြားနေသော ကျောင်းသား၊ ကျောင်းသူများ၏ မောင်မယ်သစ်လွင်ကြိုဆိုပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ ဆေးတက္ကသိုလ် (မန္တလေး)၊ ဇီဝကခန်းမ(မန်းရတနာပုံ)တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်း ဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်နှင့် ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍပေါင်းစုံ၊ဘက်ပေါင်းစုံတို့မှ ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ ဆေးပညာရှင်များသည် လူသားတို့၏အသက်နှင့်သက်ဆိုင်သည့် အတတ်ပညာရှင် အလုပ်ဖြစ်ပါကြောင်း၊ ဆေးပညာတတ်ကျွမ်းမှုတစ်ခုတည်းနှင့် မလုံလောက်ဘဲ ခံယူချက်သဘောထားမှန်ကန်၍ ကျင့်ဝတ်သိက္ခာများကို လေးစားလိုက်နာပြီး ပြည်သူလူထုအားကိုးရထိုက်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်သူများဖြစ်အောင်၊ လူသားများ၏အကျိုး၊ တိုင်းပြည်အကျိုးတို့ကို ဆောင်ရွက်နိုင်သော နိုင်ငံ့သားကောင်းများဖြစ်သည်အထိ ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူတစ်ဦးစီက ကြိုဆိုနှုတ်ခွန်းဆက်စကားနှင့် ကျေးဇူးတင်စကားများကို ပြောကြားပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများမှ ကြိုဆိုဂုဏ်ပြုဖျော်ဖြေမှုများနှင့် ကျောင်းသား၊ ကျောင်းသူများ ရိုက်ကူးထားသည့် ဆေးတက္ကသိုလ် (မန္တလေး)သမိုင်းကြောင်း video clip တို့ကို ကြည့်ရှုအားပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် အခမ်းအနားကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**












## ပညာရေးစုံညီပွဲတော် အခမ်းအနားကျင်းပ



**တောင်ကြီး ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီခွဲက အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ တောင်ကြီးမြို့ ပညာရေးစုံညီပွဲတော်အခမ်းအနားကို ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေဝင်း၊ တောင်ကြီးမြို့၊ မြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်းနှင့် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြခိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အဆိုပါကျောင်းမှ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် အကအဖွဲ့များက မြန်မာ့ကျောင်းသီချင်း၊ ရှမ်းရိုးမကအိုးစည်းသံ သီချင်းများဖြင့် သီဆိုတီးမှုတ်ခြင်း၊ ပန်းဖွားအဖွဲ့မှ Happy new Year သီချင်းဖြင့် ကပြဖျော်ဖြေဂုဏ်ပြုခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြခိုင်နှင့် ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ဦးဇော်ဇော်တို့က နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပြီး ၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ပြိုင်ပွဲ အသီးသီးတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ ရာသီဥတုပြောင်းလဲမှုကိုဖျက်ရေး ဝိုင်းဝန်းဆောင်ရွက်ပေး၊ အပြည်ပြည်ဆိုင်ရာ လူငယ်များအထိမ်းအမှတ်၊ အမျိုးသားနေ့အထိမ်းအမှတ်၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲ၊ ဆိုကရေးတီးပြိုင်ပွဲ၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ပညာရေးမှူးရုံး၊ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းဆွေဝင်း၊ မြို့နယ်ပညာရေးမှူး ဦးဇော်လှိုင်ထွန်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများကို အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား၊ ကျောင်းသူလေးများက အကပဒေသာများဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။

(ဝဲပုံ)

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပါး ၂၀၀ မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်နိုင်ရန် စီမံကိန်းမှတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များ လာရောက်ရှင်းလင်းတင်ပြခြင်း အခမ်းအနားသို့ တက်ရောက်




**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ပုပ္ပါး ၂၀၀ မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် စီမံကိန်းမှ တာဝန်ရှိသူများက စီမံကိန်းဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တိုင်းဦးစီးမှူးများ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် Zeya & Associates နှင့် Rosatom Renewable Energy ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ Z&A ကုမ္ပဏီမှ တာဝန်ရှိသူများက လေအားလျှပ်စစ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရသည့် ရည်ရွယ်ချက်များ၊ စီမံကိန်းဆောင်ရွက်ရန် လိုအပ်သည့် မြေနေရာ အခြေအနေများ၊ လေအားလျှပ်စစ်စီမံကိန်းလည်ပတ်နိုင်ရန်အတွက် မြေပြင်ကွင်းဆင်း လေ့လာတွေ့ရှိချက်များနှင့် စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြကြသည်။

ငင်းနောက်တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်က လျှပ်စစ်ဓာတ်အား လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရန် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို အသုံးပြု၍ နည်းလမ်းအသွယ်သွယ်ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လေအားလျှပ်စစ်စီမံကိန်းလည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လေစွမ်းအင်ဖြင့် လျှပ်စစ်ထုတ်လုပ်နိုင်ရန် ဖြစ်မြောက်နိုင်စွမ်း လေ့လာမှု ဆောင်ရွက်ဆဲ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် MOU လက်မှတ်ရေးထိုးထားသည့် လေအားလျှပ်စစ်စီမံကိန်း ၈ ခုတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ပုပ္ပါး ၂၀၀ မဂ္ဂါဝပ် လေအားလျှပ်စစ်စီမံကိန်းတစ်ခုလည်း ပါဝင်ပါကြောင်း၊ စီမံကိန်းအား အမြန်ဆုံး အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် လုပ်ငန်းများဆောင်ရွက်နေမှုများအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့မှလိုအပ်သည်များကို နိုင်ငံတော်မူဝါဒများနှင့်အညီ ကူညီပံ့ပိုး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများမှ ဖြည့်စွက်ဆွေးနွေးချက်များ၊ ဌာနဆိုင်ရာတိုင်းဦးစီးမှူးများနှင့် စီမံကိန်းတာဝန်ရှိသူများမှ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## ကျောက်ဆည်ခရိုင် (ဗဟို)အဆင့်လူရည်ချွန် စာမေးပွဲကျင်းပ



**ကျောက်ဆည် ဇန်နဝါရီ ၁၄**

ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ ကျောက်ဆည်ခရိုင်အနေဖြင့် နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာစေရေးအတွက် ဘက်စုံထူးချွန်သည့် ကျောင်းသား၊ ကျောင်းသူများ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိပြီး လူရည်ချွန်ကျောင်းသား/ကျောင်းသူများ မွေးထုတ်ပေးနိုင်ရေး ယမန်နေ့နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ကျောက်ဆည်ခရိုင်(ဗဟို)အဆင့် လူရည်ချွန်စာမေးပွဲကို အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။

လူရည်ချွန်ရေးဖြေစာမေးပွဲတွင် Grade-9 ကျောင်းသား၊ ကျောင်းသူ(၉)ဦး၊ Grade-10 ကျောင်းသား၊ ကျောင်းသူ(၈)ဦး၊ Grade-11 ကျောင်းသား၊ ကျောင်းသူ(၈)ဦး၊ Grade-12 ကျောင်းသား၊ ကျောင်းသူ(၈)ဦး၊ စုစုပေါင်း(၃၄)ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး မြန်မာစာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ အထွေထွေဗဟုသုတ ဘာသာရပ်များ၊ လူတွေ့နှုတ်ဖြေ၊ ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုများ စစ်ဆေးခဲ့သည်။

လူရည်ချွန်ကျောင်းသား၊ ကျောင်းသူများ ရွေးချယ်ရာတွင် တစ်ဦးချင်းစွမ်းဆောင်ရည် သတ်မှတ်ချက်များနှင့်အညီ စနစ်တကျအမှတ်ပေးခြင်း၊ စိစစ်ရွေးချယ်ခြင်းများပြုလုပ်၍ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဗလပြည့်စုံပြီး ဘက်စုံထူးချွန်သည့် လူငယ်များဖြစ်လာစေရေး လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း ကျောက်ဆည်ခရိုင်(ဗဟို)အဆင့် လူရည်ချွန်ရေးဖြေစာမေးပွဲ တာဝန်ရှိသူတစ်ဦးမှ ပြောပြ၍သိရသည်။

**(၄ဇ၅)**

⌘ ရှေ့ဖုံးမှ

သီလဝါအထူးစီးပွားရေးဇုန်သို့ ရင်းနှီးမြှုပ်နှံမှုအသစ် ဝင်ရောက်လာမှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးတက်လာသည့် အခြေအနေ၊ ပို့ကုန်ကဏ္ဍတိုးမြှင့်တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန် ရေနက်ဆိပ်ကမ်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်း ဆောင်ရွက်မည့် မြန်မာအစိုးရအသိအမှတ်ပြု စုပေါင်းကုမ္ပဏီ (Myanmar Government Designated Entity Consortium-GDE)၏ အခြေအနေ၊ စီမံကိန်းဧရိယာနှင့် တည်နေရာပိုမိုကောင်းမွန်စွာ အကောင်အထည်ဖော်နိုင်ရေး တရုတ်နိုင်ငံ CITIC ဘက်မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ကျောက်ဖြူအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီကို အထောက်အကူပြုနိုင်ရန် မြန်မာဘက်မှ ကျွမ်းကျင်သူပညာရှင်ဖွဲ့စည်းထားရှိမှု အခြေအနေနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်းစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ ရင်းနှီးတည်ဆောက်သူအသစ်များဖြင့် ဆက်လက်လုပ်ကိုင်နိုင်စေရန်အတွက် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရေးကိစ္စရပ်များကို ပြောကြားသည်။

ထို့နောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်းက ယခင်ကျင်းပခဲ့သည့် ဒုတိယအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သီလဝါအထူးစီးပွားရေးဇုန်၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ထားဝယ်အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများက မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ အစည်းအဝေးသို့ တင်ပြသည့် အမှာစာများကိုလည်းကောင်း၊ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဝင်များက ဇုန်တစ်ခုချင်းအလိုက် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်သားမြို့နယ် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ခရိုင်စားသုံးသူရေးရာဦးစီးဌာန အသိပညာပေးဟောပြောပွဲ ကျင်းပ

**မြစ်သား ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်(၁၀)နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အဆိုပါခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ အသိပညာပေးဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သီတာအောင်က မြို့မအနောက်(အ-မ-က)ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများကို ဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားပြီး ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မွန်မွန်အောင်က စားသုံးသူ၏ အခွင့်အရေးများ၊ စားသုံးသူ၏ တာဝန်များ၊ စီမံခန့်ခွဲရေးအရ အရေးယူခြင်းဆိုင်ရာစသည့် အကြောင်းတို့ကို ဟောပြောခဲ့သည်။ ဆက်လက်၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနမှ အသိပညာပေးလက်ကမ်းစာစောင်များ (အခမဲ့)ဖြန့်ဝေပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော ပြည်ထောင်စုနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်၊ ကလေးအလုပ်အမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်နှင့် သဘာဝဘေးအန္တရာယ်အကြောင်း သိကောင်းစရာ နံရံကပ်စာစောင်များ ပြသရာတွင် ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာမှတ်သားခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)တို့ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိကျေးရွာများမှ ဒေသခံပြည်သူများ၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများအား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရန်ကုန်မြို့မှထွက်ခွာ



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်) အမှတ်(၂) ရေတပ်ဆိပ်ခံတံတားမှထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည်မိသားစုများ ပို့ဆောင်နှုတ်ဆက်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၄

ဧရာဝတီတိုင်းဒေသကြီးအတွင်း ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိမြစ်ဝကျွန်းပေါ်နေကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ် (စကု)တို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ အမှတ်(၄)ရေတပ်ဇောတံတားမှလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကမ်းရိုးတန်းတစ်လျှောက်မှ မြို့နယ်၊ ကျေးရွာများနှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)သည် ယနေ့ နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့အမှတ်(၂)ရေတပ်ဆိပ်ခံတံတား (သန်လျင်)မှလည်းကောင်း အသီးသီး ထွက်ခွာကြရာ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် အရာရှိ၊ စစ်သည် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)တို့တွင် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုအရာရှိများ၊ သူနာပြုစစ်သည်များနှင့် သူနာပြုရဲမေများ လိုက်ပါသွားကာ ဒေသခံပြည်သူများအား ခွဲစိတ်ကုသမှုရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အရိုးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး X-Ray ရိုက်ခြင်း၊ Ultrasound ရိုက်ခြင်း၊ ရောဂါဗေဒပါရဂူများဖြင့် ရောဂါရှာဖွေစမ်းသပ်ကုသခြင်း၊ ECG စက်၊ ဓာတ်မှန်ရိုက်စက်များဖြင့် ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးပေးခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် အရေးပေါ်အခြေအနေ ပေါ်ပေါက်ပါက ဆေးရုံတင်ကုသမှုများ ဆောင်ရွက်ပေးရန် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)ပေါ်တို့တွင် လူနာ ၃၀ အထိလည်းကောင်း၊ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) ပေါ်တွင် လူနာ ၂၅ ဦးအထိ လည်းကောင်း တင်ဆောင်ကုသနိုင်သည့် ခွဲစိတ်ခန်း၊ သားဖွားမီးယပ်ခန်း၊ စမ်းသပ်ခန်းနှင့် အထူးကြပ်မတ်ကုသဆောင်များလည်း ပါရှိကြောင်း သိရှိရသည်။

တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များ ပါဝင်သည့် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ် (ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့အနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် မြစ်ကြောင်းများတစ်လျှောက် ဆေးကုသရန် ခက်ခဲသော ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး (၁၈)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၇၈၇၃၅ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၈ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

အလားတူ တပ်မတော်အထူးကုဆေးအဖွဲ့ဝင်များပါဝင်သည့် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၈)ကြိမ်မြောက်ဖြစ်ပြီး (၁၇)ကြိမ်မြောက်အထိ ဒေသခံပြည်သူစုစုပေါင်း ၁၅၇၀၈၇ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံရေယာဉ်ပေါ်ရှိသားဖွားခန်း၌ ကိုယ်ဝန်ဆောင်မိခင် ၂၁ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## ရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး

**စစ်ကိုင်း ဇန်နဝါရီ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်၊ နားသကျိုက်ကျေးရွာအနီးရှိ နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းတည်ဆောက်နေမှု ၅၆ ဒသမ ၃ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းသည် ဟုမ္မလင်းမြို့၏ အနောက်ဘက် ၇ ဒသမ ၅ မိုင်ခန့်အကွာ၊ နားသကျိုက်ကျေးရွာအနီးတွင် တည်ရှိသည့် Concrete Gravity Dam တမံအမျိုးအစားဖြစ်ပြီး တပ်ဆင်စက်အင်အားမှာ ၆ မဂ္ဂါဝပ်ဖြစ်ကာ နှစ်စဉ်လျှပ်စစ်ဓာတ်အား ၃၄ ဒသမ ၆၈ သန်းကီလိုဝပ်နာရီ ပျှမ်းမျှထုတ်လုပ်နိုင်မည်ဖြစ်သည်။

နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်းရှင်းလင်းဆောင်သို့ ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ လာရောက်ကြည့်ရှုစစ်ဆေးရာ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန၊ အမှတ်-၂ တည်ဆောက်ရေး လက်ထောက်ညွှန်ကြားရေးမှူးက နမ့်ပငအသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းများကို ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရေးလုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြသည်။ ရှင်းလင်းတင်ပြမှုအပေါ် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အရည်အသွေးကောင်းမွန်စွာ တည်ဆောက်ပြီးစီးရေး၊ ဘဏ္ဍာနှစ်အလိုက် ရရှိသည့် ရန်ပုံငွေအပေါ် စနစ်တကျသုံးစွဲကာ သတ်မှတ်ချိန်အမီ ပြီးစီးရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးတို့အား မှာကြားသည်။

ဆက်လက်၍ နမ့်ပင အသေးစားရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်း တည်ဆောက်နေသည့် ပင်မတမံ ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ရေယူအဆောက်အအုံဆောက်လုပ်နေမှုနှင့် တည်ဆောက်ရေးလုပ်ငန်းသုံး ကျောက်နှင့် သဲထုတ်လုပ်နေမှုများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**(အပေါ်ဝဲပုံ) (၃၉၄)**

## ဆောင်းသီးနှံ ကြက်သွန်နီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကြည့်ရှုစစ်ဆေး

**ရေနံချောင်း ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ပင်းဝကျေးရွာအုပ်စုနှင့် မာန်မြေကျေးရွာအုပ်စုတို့တွင် ပင်းချောင်း **Soft Type** ရေတားတမံမှ ရေပေးမြောင်း (၁၁)မြောင်းဖြင့် ရေသွင်းစိုက်ပျိုးလျက်ရှိသော ဆောင်းသီးနှံကြက်သွန်နီ ၇၅၆ဧက စိုက်ပျိုးပြီးစီးကာ အောင်မြင်ဖြစ်ထွန်းနေမှုများကို ယမန်နေ့က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဇင်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပင်းဝကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာအနီး ပင်းချောင်း သံဇကာကျောက်ဖြည့်ရေလွှဲဆည်မှ ရေမြောင်း(၁၁)မြောင်းဖြင့် ရေပေးဝေ၍ စိုက်ပျိုးသော ပင်းဝကျေးရွာအုပ်စုမှ တောင်သူ ၉၄၂ဦး၏ ဆောင်းကြက်သွန်နီ ၅၉၃ ဧကနှင့် မာန်မြေကျေးရွာအုပ်စုမှ တောင်သူ ၂၄၄ဦး၏ ဆောင်းကြက်သွန်နီ ၁၆၃ ဧက စုစုပေါင်းဆောင်းသီးနှံကြက်သွန်နီ ၇၅၆ဧက စိုက်ပျိုးပြီးစီးမှုနှင့် အောင်မြင်ဖြစ်ထွန်းနေမှုများကို ကြည့်ရှုစစ်ဆေးကာ သီးနှံအထွက်နှုန်းတိုးတက်ရေး၊ အရည်အသွေးပြည့်ဝသော ဈေးကွက်ဝင်သီးနှံများရရှိရေး၊ ပိုးမွှားကျရောက်မှု ကာကွယ်နှိမ်နင်းရေးစသည့် လုပ်ငန်းများကို စိုက်ပျိုးနည်းစနစ် မှန်ကန်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း တောင်သူများအား မှာကြားခဲ့သည်။



**မြို့နယ်ပြန်/ဆက်**

# နိုင်ငံတကာ ရုပ်ရှင် ဂီတသတင်းများ

## မင်းသား Dhanush ၏ Karnan ဇာတ်ကား အားပေးသူ များပြား




အိန္ဒိယတောင်ပိုင်းမင်းသား ဒါနူရှ် ပါဝင်ထားသည့် Karnan ရုပ်ရှင်သည် IMDb 8-7 နှင့် အားပေးသူများပြားစွာ ရရှိထားသည်ဟု ဘောလိဝုဒ်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ရုပ်ရှင်သည် အက်ရှင်ဒရမ်မာအမျိုးအစားဖြစ်ပြီး ၁၉၉၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် Kodiyan Kulam ဇာတ်အဆင့် အတန်းပြဿနာကို အခြေခံရိုက်ကူးထားခြင်း ဖြစ်သည့်အပြင် ဒါနူရှ် အထူးပါဝင်ထားသရုပ်ဆောင်ထားသည်။

အဖိနှိပ်ခံလူတန်းစားနှင့် ဖိနှိပ်သူ လူတန်းစားနှစ်မျိုးကို ယှဉ်ပြရိုက်ကူးထားပြီး ဆင်းရဲသားရွာမှ မင်းမျိုးမင်းနွယ်နာမည်မှည့်ထား၍ ဖိနှိပ်ခဲ့သည့် အရာရှိကြောင့် ပညာရေးပါ နှောင့်နှေးခဲ့ရ၍ သည်းမခံနိုင်သဖြင့် အကြောက်တရားကင်းမဲ့စွာနှင့် ရွာ၏ အခွင့်အရေးအတွက် ကြိုးစားခဲ့သည့် လူငယ်တစ်ဦး အကြောင်း ဖြစ်သည်။

(SKY)

0-0-0-0-0-0-0-0

## J Hope က မွေးရပ်မြေ Gwangju အတွက် ပထမဆုံး Pitcher အဖြစ် ပါဝင်ခွင့်ရခဲ့

ဖက်ရှင်စတိုင်ဦးစားပေးသည့် ဘီတီအက်စ်အဖွဲ့ဝင် ဂျေဟုတ်သည် သင်တန်းဆင်းပြီးနောက် မွေးရပ်မြေ ကွမ်ဂျူအတွက် ပထမဆုံး Pitcher အဖြစ် ပါဝင်ခွင့်ရခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျေဟုတ်သည် Gwangju KIA Champions တွင် ယှဉ်ပြိုင်ကျင်းပမည့် Kia Tigers နှင့် Samsung Lion တို့ကြား ကိုရီးယားစီးရီး၏ ဒုတိယမြောက်ကစားပွဲအတွက် ပထမဆုံး Pitcher အဖြစ် ပါဝင်ခွင့်ရခဲ့သည်။



ကိုရီးယားမီဒီယာ၏ ပြောကြားချက်အရ ဘီတီအက်စ်အဖွဲ့ဝင်အဖြစ် ပထမဆုံးကွင်းကို ပထမဆုံးဆင်းခွင့်ရခဲ့ပြီး တရားဝင်ချပြခံရခြင်းလည်း ပထမဆုံးအကြိမ်ဖြစ်ကာ အဖွဲ့လိုက်ဂျပန်ပရော်ဖက်ရှင်နယ် ဘေ့စ်ဘောကစားနည်းတွင် ပါဝင်ခွင့်ရပြီးနောက် ဂျေဟုတ်က မွေးရပ်မြေ ကွမ်ဂျူးတွင် ပထမဆုံး Pitcher အဖြစ် ပါဝင်ခဲ့ခြင်း ဖြစ်သည်။

(SKY)

## Andy Lau အပါအဝင် နာမည်ကြီးအနုပညာရှင်များ ခက်ခဲစွာ ဖြတ်သန်းခဲ့ရသည့် ဘဝရှိခဲ့ကြ

တရုတ်အနုပညာလောကမှ ဟောင်ကောင်အနုပညာရှင် အန်ဒီလျူ အပါအဝင် နာမည်ကြီးအနုပညာရှင်များ ခက်ခဲသောဘဝကို ဖြတ်သန်းခဲ့ကြရကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ကမ္ဘာကျော်ထိပ်တန်းအနုပညာရှင် ဖြစ်လာသည့် အန်ဒီလျူသည် အနုပညာလောကသို့ မဝင်မီက ဆံသဆရာအဖြစ် လုပ်ကိုင်ခဲ့ကာ ချောင်ယွမ်ဖတ်မှာလည်း မိသားစုအခက်အခဲရှိ၍ ကျောင်းတက်စဉ် စားပွဲထိုးအလုပ်နှင့် အသက်မွေးခဲ့ရသည်။

ကန်ရီဟို(ခေါ်)ဟော်ကျားကျင့်မှာ စားပွဲထိုးအပြင် အလုပ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပြီး ကြော်ငြာဒီဇိုင်းဆွဲခြင်း၊ ဘောလုံးအားကစားသမားမှတ်တမ်းဝင်ဖြစ်ခဲ့ကာ နီမန်ချူမှာ စတော့ဈေးကွက်၏ ကော်လံဖြူစာရင်းကိုင်လုပ်ခဲ့ကာ မင်းသမီးမက်ဂီချောင်မှာ အလှမယ် မဖြစ်မီက အရောင်းဝန်ထမ်းလုပ်ကိုင်၍ ခက်ခဲစွာ ဘဝကို ဖြတ်သန်းခဲ့ကြရသည်။

(SKY)





## Jackie Chan တင်ပေးသော မင်းသားနှစ်လက်ရှိ

ဟောင်ကောင်အက်ရှင် မင်းသားကြီး ဂျက်ကီချန်းက Project A Part 2 တွင် သူ၏ ဂျူနီယာမင်းသားများဖြစ်ကြသည့် ရေးလျူ(ခေါ်)လျူလွှံဝေနှင့်ကန်နီဟို(ခေါ်)ဟော်ကျားကျင့်တို့ နှစ်ဦးကို ပွဲထုတ်၍ တင်ပေးထားကြောင်း ဝိန်ဘိုဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ ဇာတ်ကားတွင် ဂျက်ကီချန်းက သူ၏ ထုတ်လုပ်ရေးမှ ရိုက်ကူးသည့် Enchanting right တွင်လည်း ဟာသနှင့် အက်ရှင်ပေါင်းစပ်ကာ လျူလွှံဝေနှင့် ကန်နီဟိုတို့ကို လက်တွဲခေါ်ယူရိုက်ကူးပေးခဲ့ရာ ကန်နီဟို၏ တိုက်ကွက်များမှာ ဂျက်ကီချန်းနှင့်ဆင်တူနေသည်ကို တွေ့ကြရသည်။

ဂျက်ကီချန်းအဖွဲ့ထဲတွင် ကန်နီဟိုက နှစ်နှစ်တာပညာသင်ယူခဲ့ပြီး အတူပူးပေါင်း၍ ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးအောင်မြင်ခဲ့ကာ နှစ်ဦးစလုံးမှာ သူ့နှယ်ပယ်နှင့်သူ အောင်မြင်နေကြသူများလည်းဖြစ်ပြီး ကန်နီဟိုမှာလည်း ကျန်ကျောင်း ဇာတ်ကောင်နှင့် ပရိသတ်အချစ်ကို ရရှိထားသည်။

(SKY)

0-0-0-0-0-0-0-0

## Jung Kook က Global 200 တွင် ပထမနေရာကို ရှစ်ပတ်ကြာ ရပ်တည်ခဲ့

ဘီတီအက်စ်အဖွဲ့ဝင် ဂျောင်ဂုသည် Global 200 တွင် ပထမနေရာကို Seven နှင့် ခုနစ်ပတ်ကြာ ရပ်တည်နေခဲ့ပြီး ရှစ်ပတ်မြောက်တွင် သူ့သီချင်း Standing Next to You နှင့် ပထမနေရာရခဲ့ကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဂျောင်ဂုက သူ၏ တစ်ကိုယ်တော်ဂီတနှင့် သူ့သီချင်းကို ပြန်လုယူနိုင်သည့် တစ်ဦးတည်းသော အဆိုတော်အဖြစ် မှတ်တမ်းဝင်ခဲ့သည်အထိ ဖြစ်ခဲ့သည်။ ယင်းသီချင်းနှစ်ပုဒ်မှာ BBMA ဆုပေးပွဲ၌ ဆုနှစ်ဆု ရရှိထားသည်။

ရိုစ်နှင့်ဘရူနိုမတ်စ်တို့ ဂီတမှလွဲ၍ ကျန်ရိုစ်၏ တစ်ကိုယ်တော်ဂီတများမှာ ထိပ်ဆုံးတစ်ဆယ်ပင် မရောက်ရှိခဲ့ဘဲ ဂျောင်ဂု၏ Seven က ခုနစ်ပတ်ကြာနေရာယူခဲ့ပြီး Standing Next to You က ရှစ်ပတ်မြောက်တွင် ထိပ်ဆုံးနံပါတ်တစ်နေရာ ရခဲ့သည်။

(SKY)

0-0-0-0-0-0-0



## မုန်လာဥနီပုံမှန်စားသုံးခြင်းကြောင့် ဆီးချိုအမျိုးအစား ၂ ကို သက်သာစေမည်

ယနေ့ခေတ်တွင် အဖြစ်များသော ဆီးချိုရောဂါကို ခွဲခြမ်းစိတ်ဖြာလိုက်မည်ဆိုလျှင် အခြေခံအားဖြင့် နှစ်မျိုးရှိသည်။ ပထမတစ်မျိုးသည် မျိုးရိုးဗီဇအရ ခံစားရသောဆီးချိုရောဂါဖြစ်ပြီး ဒုတိယအမျိုးအစားမှာမူ အစားအသောက်အနေအထိုင် မဆင်ခြင်သဖြင့် ဖြစ်ပွားလာသော ဆီးချိုရောဂါပင် ဖြစ်သည်။

ဒိန်းမတ်နိုင်ငံတောင်ပိုင်း တက္ကသိုလ်ကုခန်းဆိုင်ရာ သုတေသနဌာနမှ တွဲဖက်ပါမောက္ခ မော်တင်ကိုဘတ်လာဆင် ဦးဆောင်သော သုတေသီများသည် ဆီးချိုရောဂါသက်သာစေနိုင်မည့် ဓာတ်စာများအကြောင်း စူးစမ်းလေ့လာခဲ့ကြသည်။

ထိုသို့ လေ့လာရာမှ မုန်လာဥနီပုံမှန်စားသုံးခြင်းကြောင့် ဆီးချိုအမျိုးအစား၂ ကို သက်သာစေမည်ဟု မကြာသေးမီက ဖော်ထုတ်တွေ့ရှိခဲ့ကြသည်။

မုန်လာဥနီထဲ၌ပါရှိသော ဒြပ်ပေါင်းများက ကိုယ်ခန္ဓာအတွင်းရှိ သကြားဓာတ်ကို လျှော့ချပေးရာမှ ဆီးချိုကိုထိန်းပေးနိုင်ခြင်းဖြစ်ကြောင်း သိရသည်။

Mon



## တေးရေးထုတ်လုပ်သူ Absent Chronides က Layover အယ်လ်ဘမ်အတွက် ဂုဏ်ယူခဲ့

တေးရေးထုတ်လုပ်သူ အပ်ပဆင့်ချာယိုနီလပ်စ်က Layover အယ်လ်ဘမ်တွင် Blue သီချင်းရေးသားထားပြီး Billboard 200 Chart တွင် နံပါတ်နှစ်နေရာရခဲ့၍ ဂုဏ်ယူစရာဖြစ်ခဲ့ကြောင်း ပုံနှင့်တကွတင်ထားသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အယ်လ်ဘမ်ကို ဘီတီအက်စ်အဖွဲ့ဝင် ဗွီ(ခေါ်)ကင်ထယ်ယောင်း သီဆိုထားပြီး အနုပညာထူးချွန်ဆုများစွာ ဆွတ်ခူးထားရာမှာ ဘီလ်ဘုတ်နှစ်ရာတွင် နံပါတ်နှစ် ချိတ်ခဲ့ခြင်းအတွက် တေးရေးနှင့် ထုတ်လုပ်သူ အက်ပဆင့်ချာယိုနီလပ်စ်က ဂုဏ်ယူမဆုံးဖြစ်ခဲ့ရသည်။

ဘီလ်ဘုတ်၏ အဓိက သုံးနေရာတွင် R&B, Jazz နှင့် ပထမဆုံး Charting ဝင်နိုင်ခဲ့သည့် ပထမဆုံး ကိုရီးယား(အာရှအနုပညာရှင်)အဖြစ်သာမက Spotify သမိုင်းတစ်လျှောက်လည်း ပထမနေရာရခဲ့သူအဖြစ် ဂုဏ်ပြုပေးထားသည်။

(SKY)






## မြောက်ကိုရီးယားက တာနီးပစ်ဒုံးလက်နက်များပစ်လွှတ်၊ တောင်ကိုရီးယားနှင့် ဂျပန် နှစ်နိုင်ငံအကြား ပင်လယ်ရေပိုင်နက်တွင် ကျရောက်

**ဆိုးလ် ဇန်နဝါရီ ၁၄**



မြောက်ကိုရီးယားနိုင်ငံက ဇန်နဝါရီ ၁၄ ရက် နံနက်ပိုင်းတွင် တာနီးပစ်ဒုံးလက်နက်များပစ်လွှတ်ရာ တောင်ကိုရီးယားနှင့် ဂျပန် နှစ်နိုင်ငံအကြား ပင်လယ်ရေပိုင်နက်အတွင်းသို့ ကျရောက်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဒေသစံတော်ချိန် နံနက် ၉ နာရီ ၃၀ မိနစ်ခန့်တွင် မြောက်ကိုရီးယားအရှေ့ဘက်ကမ်းရိုးတန်းမှ ဂျပန်ပင်လယ်ဘက်သို့ ဦးတည်ကာ အဆိုပါတာနီးပစ်ဒုံးလက်နက်များကို ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်ဟု တောင်ကိုရီးယား တပ်မတော်ဘက်ဆိုင်ရာပြောခွင့်ရသူက အတည်ပြုပြောကြားသည်။

မြောက်ကိုရီးယားဒုံးလက်နက်များသည် တောင်ကိုရီးယားနှင့်ဂျပန် နှစ်နိုင်ငံအကြားသို့ မကျရောက်မီ အကွာအဝေး ၁၅၅ မိုင်ခန့်အထိ ရောက်ရှိခဲ့သည်။

မည်သည့်အကြောင်းကြောင့် မြောက်ကိုရီးယားဘက်က ထိုသို့ ဒုံးလက်နက်များ ပစ်လွှတ်သည်ကို မသိရသဖြင့် တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်တပ်ဖွဲ့များ အနေဖြင့် တုံ့ပြန်ရန်အသင့်အနေအထားဖြင့် စောင့်ကြည့်နေခဲ့ရသည်။

အမေရိကန်သမ္မတရွေးကောက်ခံ ထရမ့်သည် အိမ်ဖြူတော်သို့ ပြန်လည်ရောက်ရှိလာမည့် အချိန်အတွင်း... အမေရိကန်ဆန့်ကျင်ရေးမူဝါဒကို ခိုင်မာပြတ်သားစွာ ချမှတ်အကောင်အထည်ဖော်သွားမည်ဟု နှစ်ကုန်မိန့်ခွန်းတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်မ်ဂျောင်အွန်းက ထည့်သွင်းပြောကြားခဲ့သည်။

၄င်း ထိုသို့ပြောကြားပြီးနောက် မြောက်ကိုရီးယားနိုင်ငံက ဒုံးလက်နက်များပစ်လွှတ်ခဲ့သည်မှာ နှစ်ကြိမ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

**Mon**



## နှစ် ၁၆၀၀၀၀ ခန့်ကြာမှ ပေါ်လာသော ကြယ်တံခွန်ကို ရက်အနည်းငယ်အတွင်း ကမ္ဘာအနှံ့မှ မြင်တွေ့နိုင်မည်

**ဝါရှင်တန် ဇန်နဝါရီ ၁၄**

နှစ် ၁၆၀၀၀၀ ခန့်ကြာမှ ပေါ်လာသော ကြယ်တံခွန်ကို ရက်အနည်းငယ်အတွင်း ကမ္ဘာအနှံ့မှ မြင်တွေ့နိုင်မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အလွန်တောက်ပသော ကြယ်တံခွန်ဖြစ်သဖြင့် မည်သည့် မှန်ပြောင်းကိုမျှသုံးစရာမလိုဘဲ သာမန်မျက်စိဖြင့် မြင်ရမည်ဖြစ်ကြောင်း အမေရိကန် အာကာသစူးစမ်းလေ့လာရေးအဖွဲ့က ထုတ်ပြန်ကြေညာသည်။

နေဝင်ဖြိုးဖြအချိန်နှင့် နံနက်အရုဏ်မတက်မီအချိန်များတွင် အဆိုပါ ကြယ်တံခွန်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း သိရသည်။

**Mon**

0-0-0-0-0
0-0-0

## အင်တာနက်လူမှုကွန်ရက် သုံးခွင့်ရမည့်အသက်အရွယ် အင်ဒိုနီးရှားအစိုးရ သတ်မှတ်အတည်ပြု ကြေညာမည်

**ဂျကာတာ ဇန်နဝါရီ ၁၄**

ကလေးသူငယ်များ အင်တာနက်လူမှုကွန်ရက် သုံးခွင့်ရမည့် အသက်အရွယ်ကို အင်ဒိုနီးရှား အစိုးရ သတ်မှတ်အတည်ပြုကြေညာရန် စီစဉ်လျက်ရှိကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ကလေးများကို ကာကွယ်စောင့်ရှောက်ရန်အတွက် အချိန်မတန်သေးဘဲ မသင့်တော်သည့် အင်တာနက်လူမှုကွန်ရက်ပါ အချက်အလက်များကို မသုံးမိကြစေရန် စီစဉ်နေခြင်းဖြစ်ကြောင်း အင်ဒိုနီးရှား ဆက်သွယ်ရေးဝန်ကြီး မေယွတ်ယာဟာဖစ်က ရှင်းလင်းပြောကြားသည်။

သမ္မတ ပရာဘိုဝိုဆူဘီယန်တိုကိုယ်တိုင်က လိုက်လျောသဘောတူသဖြင့် ၄င်းနှင့်ဆွေးနွေးပြီးနောက် ထွက်ပေါ်လာသော ညွှန်ကြားချက်နှင့်အညီ ကလေးများ အင်တာနက်လူမှုကွန်ရက် သုံးခွင့်ရမည့် အသက်အရွယ်ကို များမကြာမီ သတ်မှတ်ကြေညာသွားမည်ဖြစ်ကြောင်း ၄င်းက ထည့်သွင်းပြောဆိုသည်။

သြစတြေးလျနိုင်ငံတွင် အသက် ၁၆ နှစ်အောက် ကလေးသူငယ်များ အင်စတာဂရမ်၊ ဖေ့စ်ဘွတ်ခ်၊ တစ်တော့ စသော လူမှုကွန်ရက်များ မသုံးရဟု ဥပဒေပြဌာန်းပြီးနောက် အင်ဒိုနီးရှားနိုင်ငံတွင် ကလေးသူငယ်များကို အလားတူ ကာကွယ်စောင့်ရှောက်ရန် အစိုးရက စီစဉ်နေခြင်းဖြစ်ကြောင်း သိရသည်။

**Mon**






## ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသ၌ ငလျင်လှုပ်ပြီး ဆူနာမိနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း အခြေအနေကောင်း

**တိုကျို ဇန်နဝါရီ ၁၄**

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်းဒေသ၌ ဇန်နဝါရီ ၁၃ ရက်က အင်အားပြင်းငလျင်လှုပ်ပြီးနောက် ဆူနာမီလှိုင်းနှစ်ကြိမ်ဖြစ်ပေါ်ခဲ့သော်လည်း ထိခိုက်ပျက်စီးမှုမရှိဘဲ အခြေအနေကောင်းကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ညပိုင်းတွင် ပြင်းအား ၆ ဒသမ ၈ ရစ်ချ်တာစကေးဖြင့် လှုပ်ခဲ့သော ထိုငလျင်သည် ကျူးရှူးကျွန်းမှ ၁၈ ကီလိုမီတာခန့်ကွာဝေးသည့် တစ်နေရာကို ဗဟိုပြုခဲ့ကြောင်း ဂျပန်မြေငလျင်တိုင်းတာရေးစခန်းများက မှတ်တမ်းတင်ခဲ့သည်။

ငလျင်လှုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ဒေသဆိုင်ရာအာဏာပိုင်များက ဆူနာမီလှိုင်းအန္တရာယ် သတိပေးချက်ထုတ်ပြန်ခဲ့သည်။

ငလျင်ကြောင့် မီးရထားဘူတာရုံတစ်ရုံတွင် ပြတင်းပေါက်မှန်ကွဲရုံသာပျက်စီးခဲ့ပြီး ဆူနာမီလှိုင်းများကြောင့် ဆုံးရှုံးမှုမရှိခဲ့ဟု ကျူးရှူးကျွန်းဒေသ အုပ်ချုပ်ရေးအဖွဲ့က အတည်ပြုကြောင်း သိရသည်။

**Mon**

0-0-0-0-0

## အစ္စရေးတပ်ဖွဲ့များနှင့် ယာယီအပစ်အခတ်ရပ်စဲလျှင် ဟားမတ်စ်တို့က ဓားစာခံ ၃၃ ဦး လွှတ်ပေးဖွယ်ရှိ

**ဂျေရုဆလင် ဇန်နဝါရီ ၁၄**




အစ္စရေးတပ်ဖွဲ့များနှင့် ယာယီအပစ်အခတ်ရပ်စဲလျှင် ဟားမတ်စ်တို့ဘက်က ဓားစာခံ ၃၃ ဦး လွှတ်ပေးဖွယ်ရှိသည်ဟု မျှော်မှန်းထားကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အမေရိကန်အစိုးရ၏ စေ့စပ်ဆော်မှု၊ ကြားဝင်စေ့စပ်ပေးသော နိုင်ငံများ၏ တိုက်တွန်းမှုတို့ဖြင့် ကာတာနိုင်ငံ ဒိုဟာမြို့တော်၌ အပြီးသတ်ဆက်လက်ပြုလုပ်နေသော ဂါဇာစစ်ပွဲ ယာယီအပစ်အခတ်ရပ်စဲရေး ဆွေးနွေးမှုရလဒ်အရ အစ္စရေးနှင့် ဟားမတ်စ်တို့အကြား ဓားစာခံ အပြန်အလှန်လဲလှယ်ကြမည် ဖြစ်သည်။

ထိုလဲလှယ်မှုတွင် အစ္စရေးဓားစာခံ ၃၃ ဦးထက်မနည်း လွှတ်မြောက်ခွင့်ရရန် အစ္စရေးအစိုးရဘက်က ပြောဆိုညှိနှိုင်းထားသည်။

၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဟားမတ်စ်တို့က အစ္စရေးနိုင်ငံဘက်သို့ ကျူးကျော်ဝင်ရောက်တိုက်ခိုက်ကာ လူပေါင်း ၂၅၁ ဦးကို ဓားစာခံများအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ရာ ၄င်းတို့အနက် ၃၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး လက်ရှိ ၉၄ ဦးကို ဆက်လက်ဖမ်းဆီးထားသည်။

အစ္စရေးဘက်က ပါလက်စတိုင်းဘက်ကို မည်မျှလွှတ်ပေးမည်ကို ထုတ်ပြန်ကြေညာခြင်း မပြုသေးကြောင်း သိရသည်။

**Mon**

အမေရိကန်ပြည်ထောင်စု လော့စ်အိန်ဂျယ်လိစ်မြို့ပြင်ရပ်ကွက်တစ်နေရာတွင် ကာလီဖိုးနီးယားတောမီးကြောင့် မီးသင့်ပြာကျသွားခဲ့ရသော လူနေအိမ်အချို့ကို ဝေဟင်မှတွေ့ရစဉ်။

**Mon**



## ထူးဆန်းသော မီးခိုးရောင်နှင့်အဖြူရောင်အလုံးငယ်များ သြစတြေးလျကမ်းခြေများပေါ်သို့ ပြန့်ကျဲရောက်ရှိလာ

**ကင်ဘာရာ ဇန်နဝါရီ ၁၄**



ထူးဆန်းသော မီးခိုးရောင်နှင့် အဖြူရောင်အလုံးငယ်များ သြစတြေးလျကမ်းခြေများပေါ်သို့ မကြာသေးမီက ပြန့်ကျဲရောက်ရှိလာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

မည်သည့်အရာဝတ္ထုအမျိုးအစားမှန်း မသိရသေးသဖြင့် အများပြည်သူ ဘေးဥပါဒ်မဖြစ်စေရန် ကမ်းခြေ ၉ ခုကို သက်ဆိုင်ရာက ယာယီပိတ်ထားသည်။

ကတ္တရာလုံးများဟုယူဆရသော ထိုအလုံးငယ်များကို ဓာတ်ခွဲစစ်ဆေးကာ ဖယ်ရှားရှင်းလင်းပစ်ပြီးမှသာ ကမ်းခြေများကို ပြန်ဖွင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

**Mon**

# ပျဉ်းမနားမြို့နယ်၌ အမျိုးသားတစ်ဦးအား သတ်ဖြတ်ပြီး လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသားနှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၄

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၇ ရက်က နေပြည်တော်ကောင်စီ ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာရှိ PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်တွင် အမျိုးသားတစ်ဦး (စိစစ်ဆဲ)မှာ ပါးစပ်အတွင်း ကျွန်းရွက်ခြောက်များဆို့သွင်းထားပြီး လက်နှစ်ဖက်နှင့် ခြေထောက်နှစ်ဖက်တို့အား အင်္ကျီ/ပလတ်စတစ်ကြိုးများဖြင့် ချည်နှောင်လျက် ဦးခေါင်းနောက်စေ့တွင် ပြတ်ရှဒဏ်ရာ တစ်ချက်၊ ခန္ဓာကိုယ်၌ ပွန်းခြစ်ဒဏ်ရာများ၊ ဝဲဘက်နား သွေးထွက်ဒဏ်ရာများဖြင့် သေဆုံးနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ပြီး ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ရွာကောက်နယ်မြေရဲစခန်း(ပ)၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုရေးဖွင့် စုံစမ်းဆောင်ရွက်ခဲ့သည်။


ဝဲမှယာ တရားခံ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်၊ တရားခံ ဝေဠုကျော်

လုံခြုံရေးတပ်ဖွဲ့ဝင်များက အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူ စုံစမ်းခြင်းများဆောင်ရွက်ခဲ့ရာ သေဆုံးသူမှာ ပျဉ်းမနားမြို့နယ် ပေါင်းလောင်း(၁)ရပ်ကွက်နေ ကျော်ဇင်မိုး(၃၄)နှစ် (ဘ)ဦးအောင်မြင့်ဖြစ်ကြောင်းနှင့် ၎င်းသည် ဇန်နဝါရီ ၆ ရက် ည ၈ နာရီခွဲက နေအိမ်မှ နှင်းဆီအဝိုင်းဘက်သို့ ၄၇ယ/၃၂၁၉၃ နံပါတ်ပါ Scoppy အမျိုးအစားဆိုင်ကယ်တစ်စီးဖြင့် သွားရောက်ရာမှ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ Scoppy အမျိုးအစားဆိုင်ကယ် တစ်စီး၊ Infinix အမျိုးအစားလက်ကိုင်ဖုန်း တစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်ပါ ပိုက်ဆံအိတ် တစ်လုံး၊ ယာဉ်မောင်းလိုင်စင် တစ်ခု၊ စမတ်ကတ်တို့နှင့်အတူ ပျောက်ဆုံးနေသူဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြစ်မှုကျူးလွန်သူတရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ နယ်မြေအတွင်း မိမိအမာခံသတင်းပေးများထံမှရရှိသော အချက်အလက်များနှင့် အခင်းဖြစ်ရပ်အထောက်အထားများအရ ဇန်နဝါရီ ၁၂ ရက် ညပိုင်းတွင် တရားခံ ပျဉ်းမနားမြို့နယ် မြို့သစ်ရပ်ကွက်နေ ဝေဠုကျော်(၂၀)နှစ်(ဘ)ဦးမျိုးအောင်နှင့် သဲကျွန်းကျေးရွာနေ ကောင်းခန့်ဇော်(ခ)ဆင်ပေါက်(၁၆)နှစ် (ဘ)ဦးသိန်းလွင်တို့ နှစ်ဦးတို့အား ၎င်းတို့၏နေအိမ်အသီးသီး၌ ဖမ်းဆီးရမိခဲ့ပြီး အခင်းဖြစ်စဉ်က လုယက်ယူဆောင်သွားခဲ့သည့် သက်သေခံ Scoppy အမျိုးအစား ဆိုင်ကယ်တစ်စီးနှင့် Infinix အမျိုးအစားလက်ကိုင် ဖုန်းတစ်လုံးတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝေဠုကျော်နှင့် ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှင့်အတူ ပြစ်မှုကျူးလွန်ရာ၌ပါဝင်သူ ဖမ်းဆီးရန်ကျန်တရားခံ ကျော်ဇင်ထက်(စိစစ်ဆဲ)တို့ သုံးဦးသည် PNPT ကလေးအားကစားကွင်းအနီး ယာခင်းလူသွားလမ်းပေါ်၌ ခင်မင်ရင်းနှီးသူ ကျော်ဇင်မိုးနှင့် တွေ့ဆုံစဉ် ငွေကြေးလိုအပ်ချက်အရ ကျော်ဇင်မိုးအား သတ်ဖြတ်ခဲ့ကြပြီး ၎င်း၏ Scoppy အမျိုးအစား ဆိုင်ကယ်နှင့် infinix အမျိုးစားလက်ကိုင်ဖုန်းတစ်လုံး၊ ငွေကျပ် ၅၀၀၀၀ ခန့်တို့အား လုယက်ယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူ တရားခံ ဝေဠုကျော်နှင့် ကောင်းခန့်ဇော်(ခ)ဆင်ပေါက်တို့ နှစ်ဦးအားဥပဒေနှင့်အညီထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ ကျော်ဇင်ထက်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကန့်ဘလူမြို့နယ် ပင့်သာတိုက်နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပင့်သာတိုက်နယ်အတွင်းရှိ ကျေးရွာ နှစ်ရွာကို ဇန်နဝါရီ ၁၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးနေသည်ဟု တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရသည်။

အကြမ်းဖက်သမားများအနေဖြင့် ပြည်သူလူထု၏အကျိုးစီးပွားကို မငဲ့ကွက်ဘဲ မြို့၊ ရွာများအတွင်း ဝင်ရောက်၍ တိုက်ပွဲများဖော်ဆောင်လာခြင်းများကြောင့် နယ်မြေခံပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ပျက်စီးရခြင်း ဖြစ်ကြောင်း၊ သို့ဖြစ်၍ အကြမ်းဖက်သမားများ ဝင်ရောက်လာမှုမရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအတွင်း လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန် တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လုပ်ကြံရေးသားပြီး လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါနယ်မြေအနီးတစ်ဝိုက်တွင် နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကိုဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီးအသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# မီးဘေးအန္တရာယ်ကင်းဝေးစေရေး ဈေးသူဈေးသားများနှင့် ပူးပေါင်းဇာတ်တိုက် လေ့ကျင့်

ညောင်ဦး ဇန်နဝါရီ ၁၄

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ မဏိစည်သူဈေးကြီး မီးဘေးအန္တရာယ်ကင်းဝေးစေရေး အတွက် ဇန်နဝါရီ ၁၃ ရက် မွန်းလွဲ ၂ နာရီက ညောင်ဦးခရိုင်နှင့်မြို့ နယ်သန္တေမီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ ဈေးတာဝန်ခံနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့များ၊ ဈေးသီးသန့်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးသူ၊ ဈေးသားများပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ မီးလောင်မှုဖြစ်ပွားလာပါက ထိရောက်စွာ မီးငြိမ်းသတ်တတ်စေရေးအတွက် လက်တွေ့မီးငြိမ်းသတ်ခြင်း ဇာတ်တိုက်လေ့ကျင့်ခြင်း၊ မီးသတ်ယာဉ်များဖြင့် နေရာယူမီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



(ဝဲပုံ)

(ဝ၄၅)

# စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၄

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီ ၅၀ မိနစ်ကသာစည်မြို့နယ်၊ ကျွဲတပ်ဆုံကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် တောင်ကြီးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မမူမျိုးစန္ဒာဝင်းနှင့် မနန်းရီမူတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်ဖော်ထုတ်ချက်အရ ဇန်နဝါရီ ၈ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်က အဆိုပါ စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရောင်းဝယ်ရာ၌ ပူးပေါင်းပါဝင်သူ မောင်ဇော်အား လှည်းကူးမြို့နယ်၊ နှတ်ခမ်းမွှေးသိုက်ကျေးရွာအနီးတွင် လက်ကိုင်ဖုန်း တစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် မမူမျိုးစန္ဒာဝင်း(၄၇)နှစ်၊ မနန်းရီမူ(၃၉)နှစ်နှင့် မောင်ဇော်(၄၇)နှစ်တို့အား သာစည်မြို့မ ရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားရှိပြီး ကွင်းဆက်များ ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်အတွင်းရှိ ရွှေလုပ်ငန်းရှင်များ၊ စာတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများနှင့်တွေ့ဆုံ



**ကျောက်ဆည် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့သယံဇာတရေးရာ ဝန်ကြီး၊ တိုင်းဒေသကြီးဓါတ်သတ္တု(ရွှေ) ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်း ကနဦးစိစစ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးရွှေဇင်နှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းက ကျောက်ဆည်မြို့၊ မြို့တော်ခန်းမတွင် ကျောက်ဆည်ခရိုင်၊ တံတားဦးခရိုင်အတွင်းရှိ ရွှေလုပ်ငန်းရှင်များ၊ ဓါတ်သတ္တုရောင်းဝယ်ခြင်းလုပ်ငန်း လုပ်ကိုင်သူများနှင့်တွေ့ဆုံပြီး ဝန်ဆောင်မှုလိုင်စင်လျှောက်ထားမှုများနှင့် ပတ်သက်၍ ဆွေးနွေးပွဲအခမ်းအနား ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် သယံဇာတရေးရာဝန်ကြီးဦးရွှေဇင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီး သတ္တုတွင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးမိုးဆွေ၊ တိုင်းဒေသကြီးအခွန်ဦးစီးဌာန၊ ညွှန်ကြားရေးမှူးဦးစိုးလှမြင့်၊ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုး၊ အမှတ်(၂)သတ္တုတွင်း လုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ ဦးအောင်မျိုးသက်တို့မှ ဓါတ်သတ္တု(ရွှေ)ရောင်းဝယ်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများနှင့် ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေများ၊ ရွှေလုပ်ငန်းရှင်များအနေဖြင့် နေ့စဉ်ရောင်းချခြင်း၊ ဝယ်ယူခြင်း စာရင်းများကို ပြုစုထားပြီး တင်ပြရေး၊ နိုင်ငံတော်အား သတ်မှတ်အခွန်များ ပေးဆောင်ရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုမရှိစေရေး အကြောင်းများ ရှင်းလင်းဆွေးနွေးခဲ့ရာ ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် ရွှေလုပ်ငန်းရှင်များမှ သိရှိလိုသည်များကို ပြန်လည်မေးမြန်းခဲ့ရာ မေးမြန်းမှုများအပေါ် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြောင်းနှင့် လုပ်ငန်းရှင်များအနေဖြင့် လုပ်ငန်းလိုင်စင်များ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားကြရန်နှင့် မိမိတို့ ရွှေအရောင်းအဝယ်ဆိုင်များ လုံခြုံရေးကောင်းမွန်စေရန် သတ်မှတ်စည်းကမ်းများနှင့်အညီ လုံခြုံရေးကင်မရာ (CCTV) တပ်ဆင်ထားရေး၊ လုံခြုံရေးဝန်ထမ်းများ ခန့်ထားရာတွင် သွက်လက်ထက်မြက်ပြီး သန်မာသည့် လူငယ်များခန့်ထားရေး အကြောင်းများ လမ်းညွှန်မှာကြားခဲ့သည်။

ဆွေးနွေးပွဲသို့ ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကောင်းမြတ်နိုင်နှင့် အဖွဲ့ဝင်များ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သားမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောက်ဆည်ခရိုင်နှင့်တံတားဦးခရိုင်အတွင်းမှ ရွှေလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၄၈၅)

၀-၀-၀-၀-၀

၀-၀-၀



## သားဖွားသင်တန်းကျောင်း(မန္တလေး) ဘက်စုံသားဖွားဒီပလိုမာ၊ အမှတ်စဉ်(၉) သင်တန်းသူများအား အလုပ်ခန့်အပ်လွှာပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၄**

သားဖွားသင်တန်းကျောင်း-မန္တလေး၊ ဘက်စုံသားဖွား ဒီပလိုမာ၊ အမှတ်စဉ်(၉) သင်တန်းသူများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ဖိုးလမ်းနှင့် ၃၁ လမ်းရှိ အဆိုပါကျောင်းတွင် ကျင်းပပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီးဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင်၊ သားဖွားသင်တန်းကျောင်း၊ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ၊ ဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီး ဒေါက်တာဝင်းပပဝင်းနှင့် အဖွဲ့ဝင်များ၊ ပညာရေးအဖွဲ့ဥက္ကဋ္ဌ၊ သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးဒေါ်ခင်ချိုမြင့်နှင့် ပညာရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်များနှင့်နည်းပြများနှင့် သားဖွားသင်တန်းဆင်းကျောင်းသူ(၃၃)ဦး တက်ရောက်ကြသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အမှာစကား ပြောကြားပြီး လူမှုရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးတို့က သင်တန်းဆင်း ဘက်စုံသားဖွားဆရာမများအား အလုပ်တာဝန် ခန့်အပ်လွှာများ တစ်ဦးချင်း ပေးအပ်ကြသည်။ ဆက်လက်၍ သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ကြီးနှင့် သင်တန်းဆင်း သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြောကြားကြကာ တက်ရောက်လာကြသူများ၊ သင်တန်းဆင်းကျောင်းသူများ စုပေါင်းအမှတ်တရ ဓာတ်ပုံရိုက်ကူးကြသည်။ သားဖွားသင်တန်းကျောင်း (မန္တလေး) အနေဖြင့် ဘက်စုံသားဖွားဒီပလိုမာ၊ အမှတ်စဉ်(၉) သင်တန်းတွင် သင်တန်းသူများ အပါအဝင် သားဖွားဆရာမစုစုပေါင်း (၃၆၄၈)ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

(၀၉၃)

၀-၀-၀-၀-၀

## စဉ့်ကိုင်မြို့နယ် သင်္ဂတုံကျေးရွာ "ဘဝအလင်းသစ်" စာကြည့်တိုက်၌ စာဖတ်ရှိန်မြင့်တင်ရေး ဟောပြောပွဲနှင့် ပြိုင်ပွဲများ ကျင်းပ



**စဉ့်ကိုင် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အ·မ·က (သင်္ဂတုံ)တို့ ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ နိုင်ငံတော်အတွက် အကျိုးပြုမည့် အနာဂတ်သားကောင်းရတနာ၊ သမီးကောင်းရတနာများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်လာစေရန်၊ နှုတ်မှုစွမ်းရည်များ တိုးတက်လာစေရန်၊ လူအများအလယ်တွင် ရဲဝံ့စွာ ပြောဆိုတတ်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိလာပြီး စာကြည့်တိုက်နှင့် ရင်းနှီးကျွမ်းဝင်လာစေရန် စသည်တို့ကို ရည်ရွယ်ကာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြင့်တင်ရေး မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောခြင်းနှင့် ကဗျာရွတ်ပြိုင်ပွဲများကို ယမန်နေ့ နံနက် ၁၀ နာရီက သင်္ဂတုံကျေးရွာရှိ ဘဝအလင်းသစ်စာကြည့်တိုက်၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူး ဒေါ်ဝင်းဝင်းသန်းက မူးယစ်ဆေးဝါး အန္တရာယ် တားဆီးကာကွယ်ရေးနှင့်ပတ်သက်သည့် အကြောင်းအရာများကို အသိပညာပေး ဟောပြောခဲ့သည်။ ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နှင်းအိအိခိုင်က ပြိုင်ပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များကို ပြောကြားပြီးနောက် ပြိုင်ပွဲစည်းမျဉ်း၊ စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းခဲ့ကြသည်။ ဆက်လက်၍ အ·မ·က(သင်္ဂတုံ)မှ ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများက မိမိတို့ ကြိုက်နှစ်သက်ရာ ခေါင်းစဉ်လေးများဖြင့် ကဗျာရွတ်ဆိုပြောပြိုင်ပွဲတွင် အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ယင်းနောက် ဆုရရှိသော ပြိုင်ပွဲဝင် ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၃၉၉)

## မြစ်သားမြို့နယ်တွင် ဒေသခံပြည်သူများအား စားအုန်းဆီ တစ်ပိဿာလျှင် (၈၄၀၀)ကျပ်နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**မြစ်သား ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် မြန်မာနိုင်ငံ ဆီကုန်သည် ဆီလုပ်ငန်းရှင်များ အသင်းနှင့် ခရိုင်စားသုံးသူရေးရာ ဦးစီးဌာနတို့ပူးပေါင်း၍ ဒေသခံပြည်သူများအား စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ်(၈၄၀၀) နှုန်းဖြင့် ဈေးနှုန်းချိုသာစွာ ရောင်းချပေးခြင်းကို ရှမ်းပွဲရပ်ကွက်အတွင်းရှိ ဒေါ်ဓာဇာ ကုန်စုံဆိုင်ရှေ့၌ ယနေ့နံနက် (၈)နာရီ အချိန်က ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် ကျောက်ဆည်ခရိုင် ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ မြစ်သားမြို့ရှမ်းပွဲရပ်ကွက်ရှိ ဒေါ်ဓာဇာကုန်စုံဆိုင်ရှေ့တွင် ဒေသခံပြည်သူများအား တစ်ဦးလျှင် ဆီတစ်ပိဿာ ငွေကျပ် ၈၄၀၀ နှုန်းဖြင့် တစ်ရက် ဆီပိဿာပေါင်း ၂၈၇ ပိဿာအား ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးနေကြောင်း စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝင်းမင်းထွန်း**






## ဂျေဆူး ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိ

**လန်ဒန် ဇန်နဝါရီ ၁၄**

အာဆင်နယ်အသင်း တိုက်စစ်မှူး ဂျေဆူး ဒူးဒဏ်ရာကြောင့် ရက်သတ္တပတ်အတန်ကြာ အနားယူရဖွယ်ရှိနေသည်။

အဆိုပါ တိုက်စစ်မှူးသည် အာဆင်နယ်အသင်းက မန်ချက်စတာယူနိုက်တက်အသင်းအား ပင်နယ်တီအဆုံးအဖြတ်ဖြင့် ရှုံးနိမ့်ခဲ့သည့် အင်္ဂလိပ်အက်ဖ်အေဖလား ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဂျေဆူး ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် အာဆင်နယ်အသင်းအတွက် ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျေဆူးသည် အာဆင်နယ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၉၆ပွဲကစားပြီး ၂၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။(အပေါ်ပုံ)(NGB)

## ဘီလင်းအား အငှားစာချုပ်ဖြင့် နာပိုလီအသင်းခေါ်ယူ

**တူရင် ဇန်နဝါရီ ၁၄**

နာပိုလီအသင်းသည် ဘုန်းမောက်အသင်း ကွင်းလယ်ကစားသမား ဘီလင်းအား ယခုနှစ် ဘောလုံးရာသီကုန်အထိ အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် ဘုန်းမောက်အသင်းနှင့်အတူ ၂၀၁၉-၂၀၂၀မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၀၁ပွဲကစားပြီး ၃၁ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် နာပိုလီအသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

နာပိုလီအသင်းထုတ်ပြန်ချက်တွင် "ဘီလင်းအား အငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ပါပြီ။ အသင်းအနေနဲ့လည်း လက်ရှိဈေးကွက်အတွင်း နောက်ထပ်ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ"ဟု ထုတ်ပြန်သည်။

**(အောက်ပုံ) (NGB)**




## ဒါဝင်နူးနက်ဇ်အား တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၄သိန်းဖြင့်ခေါ်ယူရန် အယ်လ်ဟီလယ်အသင်း ကမ်းလှမ်း

**လန်ဒန် ဇန်နဝါရီ ၁၄**

ဆော်ဒီကလပ် အယ်လ်ဟီလယ်အသင်းသည် လီဗာပူးအသင်း တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်အား တစ်ပတ်လုပ်ခလစာငွေ စတာလင်ပေါင် ၄သိန်းဖြင့် ကမ်းလှမ်းခဲ့သည်။

အသက်(၂၅)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လီဗာပူးအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၂ပွဲကစားပြီး ၃၇ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အယ်လ်ဟီလယ်အသင်းက ခေါ်ယူရန် ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဒါဝင်နူးနက်ဇ်ကိုယ်တိုင်ကလည်း လက်ရှိအချိန် အသင်းတာဝန်ရှိသူများနှင့် အဆင်မပြေဖြစ်နေခြင်းကြောင့် အသင်းမှ ထွက်ခွာချင်လျက်ရှိနေသည်။



ထို့ကြောင့် အယ်လ်ဟီလယ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် လီဗာပူးအသင်းထံမှ ဒါဝင်နူးနက်ဇ်အား ခေါ်ယူသွားနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည်ဖြစ်သည်။ **(အပေါ်ပုံ) (NGB)**

## မက်တီတဲလ်အား ခေါ်ယူရန် ချဲလ်ဆီးအသင်းစိတ်ဝင်စား

**လန်ဒန် ဇန်နဝါရီ ၁၄**

ချဲလ်ဆီးအသင်းသည် ဘိုင်ယန်မြူးနစ်အသင်းတိုက်စစ်မှူး မက်တီတဲလ်အား ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

အသက်(၁၉)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၈၁ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိသည်။

ဘိုင်ယန်မြူးနစ်အသင်းကလည်း မက်တီတဲလ်အတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ချဲလ်ဆီးအသင်းအနေဖြင့် ဘိုင်ယန်မြူးနစ်အသင်းထံမှ မက်တီတဲလ်အား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အောက်ပုံ)(NGB)**



## ဂျိမ်းရိုဒရီဂွက်ဇ်အား လီရွန်အသင်း ခေါ်ယူ

**လန်ဒန် ဇန်နဝါရီ ၁၄**

မက္ကဆီကိုကလပ် လီရွန်အသင်းသည် အသင်းလက်မဲ့ဖြစ်နေသော ဝါရင့်တောင်ပံကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်အား ခေါ်ယူခဲ့ကြောင်းအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ တောင်ပံကစားသမားသည် လီရွန်အသင်းတွင် ကျောနံပါတ် ၁၀ဂျာစီအား ဝတ်ဆင်ကစားသွားမည်ဖြစ်သည်။

တောင်ပံကစားသမား ဂျိမ်းရိုဒရီဂွက်ဇ်သည် ကစားသမားဘဝတစ်လျှောက်တွင် မိုနာကို၊ ပေါ်တို၊ အဲဗာတန်၊ ရီးရဲလ်မက်ဒရစ် စသည့်ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်လည်း ကစားခဲ့ဖူးပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် လီရွန်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဂျိမ်းရိုဒရီဂွက်ဇ်က "ကျွန်တော် လီရွန်အသင်းသို့ရောက်ရှိခဲ့ပါပြီ။ နွေးထွေးစွာကြိုဆိုတဲ့ အသင်းတာဝန်ရှိသူအားလုံးကိုအထူးကျေးဇူးတင်ပါတယ်။ လီရွန်အသင်း အောင်မြင်မှုများရရှိဖို့ အစွမ်းကုန်ကြိုးစားသွားမှာပါ"ဟု ပြောသည်။ **(ယာပုံ) (NGB)**




## 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ Wang Yafan တက်ရောက်

**လန်ဒန် ဇန်နဝါရီ ၁၄**

ဩစတြေးလျနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်သို့ တရုတ်တင်းနစ်မယ် Wang Yafan တက်ရောက်ခဲ့သည်။

အဆိုပါ တရုတ်တင်းနစ်မယ် Wang Yafan သည် 2025 Australian Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့်တွင် ဟန်ဂေရီတင်းနစ်မယ် Anna Bondar အား ၃-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Australian Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် တရုတ်တင်းနစ်မယ် Wang Yafan နှင့် ရုရှားတင်းနစ်မယ် Daria Kasatkina တို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



**(အပေါ်ပုံ) (NGB)**

### အင်္ဂလိပ်ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂၁)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(ပထမအကျော့ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၆-၁-၂၀၂၅ | (၁၆) အဲဗာတန် - ဗီလာ(၈) | အဲဗာတန် ၀-၀ ဗီလာ | အဲဗာ(အိမ်) | ၉ | ၂ | ၄ | ၃ | ၉ | ၁၀ |
| နံနက် ၀၂:၀၀နာရီ | (ဗီလာ ၃-၂ အဲဗာတန်) | ဗီလာ ၄-၀ အဲဗာတန် | ဗီလာ(ဧည့်) | ၉ | ၃ | ၁ | ၅ | ၁၁ | ၁၉ |
| ။ | (၁၉) လက်စတာ - ပဲလေ့စ်(၁၅) | လက်စတာ ၀-၀ ပဲလေ့စ် | လက်စတာ(အိမ်) | ၁၀ | ၂ | ၃ | ၅ | ၁၁ | ၁၇ |
| | (ပဲလေ့စ် ၂-၂ လက်စတာ) | ပဲလေ့စ် ၂-၁ လက်စတာ | ပဲလေ့စ်(ဧည့်) | ၉ | ၂ | ၄ | ၃ | ၁၁ | ၁၁ |
| ။ | (၅) နယူးကာဆယ် - ဝုလ်(၁၇) | နယူးကာဆယ် ၃-၀ ဝုလ် | နယူး(အိမ်) | ၉ | ၅ | ၂ | ၂ | ၁၅ | ၈ |
| | (ဝုလ် ၁-၂ နယူးကာဆယ်) | ဝုလ် ၂-၂ နယူးကာဆယ် | ဝုလ်(ဧည့်) | ၁၀ | ၂ | ၃ | ၅ | ၁၇ | ၂၂ |
| ၁၆-၁-၂၀၂၅ | (၂) အာဆင်နယ် - စပါး(၁၂) | အာဆင်နယ် ၂-၂ စပါး | အာဆင်(အိမ်) | ၉ | ၆ | ၃ | - | ၁၈ | ၆ |
| နံနက် ၀၂:၃၀နာရီ | (စပါး ၀-၁ အာဆင်နယ်) | စပါး ၂-၃ အာဆင်နယ် | စပါး(ဧည့်) | ၉ | ၃ | ၁ | ၅ | ၁၆ | ၉ |

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၇)ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၆-၁-၂၀၂၅ | (၁၈) ဘိုချန် - စိန့်ပေါလီ(၁၄) | ဘိုချန် ၂-၂ စိန့်ပေါလီ | ဘိုချန်(အိမ်) | ၇ | ၁ | ၂ | ၄ | ၆ | ၁၄ |
| နံနက် ၀၀:၀၀နာရီ | (L,L,D,W,L) (W,L,L,W,L) | စိန့်ပေါလီ ၂-၃ ဘိုချန် | စိန့်ပေါ(ဧည့်) | ၈ | ၃ | - | ၅ | ၉ | ၁၀ |
| ၁၆-၁-၂၀၂၅ | (၇) စတုဂတ် - လိုက်ပဇစ်(၄) | စတုဂတ် ၅-၂ လိုက်ပဇစ် | စတုဂတ်(အိမ်) | ၈ | ၄ | ၂ | ၂ | ၁၈ | ၁၂ |
| နံနက် ၀၂:၀၀နာရီ | (D,W,W,L,W) (L,W,W,L,W) | လိုက်ပဇစ် ၅-၁ စတုဂတ် | လိုက်ပဇစ်(ဧည့်) | ၈ | ၄ | ၁ | ၃ | ၁၃ | ၁၃ |
| ။ | (၁) ဘိုင်ယန်မြူးနစ် - ဟော်ဖန်ဟိမ်း (၁၅) | ဘိုင်ယန်မြူးနစ် ၃-၀ ဟော်ဖန်ဟိမ်း | ဘိုင်ယန်(အိမ်) | ၇ | ၆ | ၁ | - | ၂၂ | ၄ |
| | (D,W,L,W,W) (L,D,D,L,L) | ဟော်ဖန်ဟိမ်း ၄-၂ ဘိုင်ယန်မြူးနစ် | ဟော်ဖန်(ဧည့်) | ၇ | - | ၄ | ၃ | ၄ | ၉ |
| ။ | (၉) ဗါဒါဘရီမင် - ဟိုင်ဒင်ဟိမ်း(၁၆) | ဗါဒါဘရီမင် ၁-၂ ဟိုင်ဒင်ဟိမ်း | ဗါဒါ(အိမ်) | ၇ | ၂ | ၃ | ၂ | ၁၀ | ၁၂ |
| | (D,W,W,W,L) (L,L,L,L,W) | ဟိုင်ဒင်ဟိမ်း ၄-၂ ဗါဒါဘရီမင် | ဟိုင်ဒင်(ဧည့်) | ၈ | ၂ | - | ၆ | ၁၂ | ၁၉ |
| ။ | (၁၂) ယူနီယံဘာလင် - အော့စ်ဘတ်(၁၃) | ယူနီယံဘာလင် ၁-၁ အော့စ်ဘတ် | ယူနီယံ(အိမ်) | ၇ | ၃ | ၃ | ၁ | ၈ | ၆ |
| | (L,L,D,L,L) (W,D,L,L,L) | အော့စ်ဘတ် ၂-၀ ယူနီယံဘာလင် | အော့စ်ဘတ်(ဧည့်) | ၇ | - | ၂ | ၅ | ၅ | ၂၂ |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၆)ပွဲကျန်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၆-၁-၂၀၂၅ | (၇) ဘလက်ဘန်း - ပို့စ်မောက်(၂၁) | ဘလက်ဘန်း ၃-၀ ပို့စ်မောက် | ဘလက်(အိမ်) | ၁၃ | ၇ | ၂ | ၄ | ၁၇ | ၁၁ |
| နံနက် ၀၂:၁၅နာရီ | (L,D,L,D,L) (W,L,L,W,L) | ပို့စ်မောက် ၁-၂ ဘလက်ဘန်း | ပို့စ်မောက်(ဧည့်) | ၁၃ | ၁ | ၄ | ၈ | ၁၃ | ၃၀ |

### အီတလီစီးရီးအေ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁၉)ပွဲကျန်ဇယား — နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံးငါးပွဲ ရလဒ်) | ယမန်နှစ်ရလဒ် | အိမ်/ဧည့်ရလဒ် | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး |
|---|---|---|---|---|---|---|---|---|---|
| ၁၆-၁-၂၀၂၅ | (၂) အင်တာမီလန် - ဘိုလော့ညာ(၇) | အင်တာမီလန် ၂-၂ ဘိုလော့ညာ | အင်တာ(အိမ်) | ၉ | ၆ | ၂ | ၁ | ၂၁ | ၁၀ |
| နံနက် ၀၂:၁၅နာရီ | (W,W,W,W,W) (D,W,W,L,D) | ဘိုလော့ညာ ၀-၁ အင်တာမီလန် | ဘိုလော့(ဧည့်) | ၉ | ၄ | ၃ | ၂ | ၁၅ | ၁၅ |

## ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကိုးလအထိ ပျားရည်တန်ချိန် ၁၁၀၀ ကျော် တင်ပို့နိုင်ခဲ့

**မန္တလေး ဇန်နဝါရီ ၁၄**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကိုးလအထိ ပျားရည်တန်ချိန် ၁၁၀၀ ကျော် တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၄ သန်းကျော် ရရှိခဲ့ကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန၊ ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲမှ သိရသည်။

ပျားရည်ကို ဂျပန်၊ တောင်ကိုရီးယား၊ ထိုင်းနှင့် တရုတ်နိုင်ငံ (တိုင်ပေ)တို့ကို ပုံမှန်တင်ပို့လျက်ရှိပြီး ဂျပန်နိုင်ငံသို့ အများဆုံးတင်ပို့လျက်ရှိသည်။



ပြည်တွင်း၌ ပန်းနှမ်းပျားရည်၊ ဆီးပျားရည်၊ နှမ်းပျားရည်၊ နေကြာပျားရည်၊ ရော်ဘာပျားရည်၊ လိုင်ချီးပျားရည်ဟူ၍ ထုတ်လုပ်ပြီး ပျားရည်ကို ပြည်တွင်း၌ ဆေးဝါးအဖြစ် အသုံးပြုသကဲ့သို့ ပြည်ပနိုင်ငံများသို့လည်း တင်ပို့လျက်ရှိသည်။

လက်ရှိအချိန်တွင် ပျားရည်ကို ဆီးစိုက်ခင်းများပတ်ဝန်းကျင်တွင် အများဆုံးထုတ်ယူလျက်ရှိပြီး ပန်းနှမ်းစိုက်ခင်းများအနီးတွင်လည်း ထုတ်လုပ်လျက်ရှိသည်။

ပျားမွေးမြူရေးလုပ်ငန်းသည် စိုက်ခင်းများအတွက် သဘာဝအတိုင်း ဝတ်မှုန်ကူးနိုင်ခြင်းကြောင့် တောင်သူများစိုက်ပျိုးသည့် သီးနှံအမျိုးအစားအလိုက် အထွက်နှုန်းကောင်းမွန်ခြင်း၊ သဘာဝအတိုင်း ပိုးမွှားအန္တရာယ်ကျရောက်မှုကို ကာကွယ်နိုင်ခြင်းတို့ကြောင့် ပျားမွေးမြူရေးလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အပြန်အလှန် အကျိုးပြုနေကြောင်း သိရသည်။

(ဝဲပုံ) **ရွှေမန်း**



## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေထုတ်ချေး

**နတ်မောက် ဇန်နဝါရီ ၁၄**

သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများတစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမ,ပျောက်လည်ပတ်ရန်ပုံငွေ သတ္တမ စက်ဝန်းထုတ်ချေးခြင်းကို ဇန်နဝါရီ ၁၁ ရက် မွန်းလွဲပိုင်းက စခန်းမ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်များနှင့်အကျိုးကျေးဇူးများ၊ စီမံကိန်းအကြောင်းအရာများ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ထံ ရန်ပုံငွေလွှဲပြောင်းပေးအပ်သည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက စခန်းမ ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၆ ဦးအား ငွေကျပ် ၂၃ ဒသမ ၃ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦးအား ငွေကျပ် ၁၀ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးအား ငွေကျပ် ၁ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ခုနစ်ဦးအား ငွေကျပ် ၂ ဒသမ ၁ သန်း၊ စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၂၀ ဦးကို သတ္တမအကြိမ်မြောက် အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမ,ပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ ဒသမ ဝ သန်း ထုတ်ချေးပေးခဲ့သည်။

နတ်မောက်မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ၂၀၁၄-၂၀၁၅ ခုဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုလက်ရှိ ကျေးရွာပေါင်း ၄၁ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးထံက သိရသည်။

(အပေါ်ပုံ)

**မူမူစန်း**

## စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်းစကားပြော ပြိုင်ပွဲကျင်းပ

**နတ်မောက် ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး ကျပန်းစကားပြောပြိုင်ပွဲကို အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများဖြင့် လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ဇန်နဝါရီ ၁၃ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ ပြန်/ဆက် ဦးစီးအရာရှိဒေါ်ဥမ္မာခင်က ကလေးငယ်များဘဝစွမ်းဆောင်ရည်မြင့်မားစေရန်၊ စကားပြောနိုင်မှုစွမ်းရည်တိုးတက်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပရခြင်းဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ အလယ်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူများဖြင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများမှ 'လူငယ်နှင့်အားကစား' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ 'လူငယ်နှင့်ရည်မှန်းချက်' ခေါင်းစဉ်ဖြင့်လည်းကောင်း ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

(၄၆၅)

## ၂၀၂၄-၂၀၂၅ပညာသင်နှစ် ပညာရေးစုံညီပွဲတော်အခမ်းအနား ကျင်းပ

**ပင်းတယ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၊ ဆူးဗိုလ်ကုန်းရပ်ကွက်ရှိ ပင်းတယမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း (ဒေသအခေါ်-ကန်ရှေ့ကျောင်း)၌ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်ပညာရေးစုံညီပွဲတော် အခမ်းအနားအား ဇန်နဝါရီ ၁၂ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားတွင် အမှတ်(၁)အခြေခံပညာအထက်တန်း ကျောင်းသား၊ ကျောင်းသူလေးများက ယဉ်ကျေးသိမ်မွေ့စွာဖြင့် ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးသင် ဆရာ၊ ဆရာများ၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဆင့်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ ပိုစတာပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသောကျောင်းသား၊ ကျောင်းသူများအား မြို့နယ်ပညာရေးမှူး ဒေါ်အေးအေးမော်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခြင်း၊ ကျောင်းသားမိဘများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို အ.ထ.က-၁(ပင်းတယ) ကျောင်းအုပ်ဆရာမကြီး ဒေါ်မသူဝင်းက ပေးအပ်ပြီး အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများက ရိုးရာတေးသီချင်းအကအလှများဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်ခြင်း၊ ဓနုတိုင်းရင်းသားအဆိုတော် ဒီနေရှင်းက ဓနုတိုင်းရင်းသားများ၏ ရိုးရာဓလေ့တေးသီချင်း သီဆို၍ ဓနုတိုင်းရင်းသူလေးများက အကအလှဖျော်ဖြေပေးခြင်း၊ မူလတန်းကျောင်းသား၊ ကျောင်းသူကလေးများ၏ တိုင်းရင်းသားပေါင်းစုံအကအလှများဖြင့် ကပြဖျော်ဖြေခြင်း၊ KG-1ကျောင်းသူလေးများက တင့်လှပေဟန် မြန်မာ့ဟန်ချစ်စဖွယ်အမူအရာလေးများဖြင့် မြန်မာအလှမယ်လေးများ အလှပြသည့်ဟန် ဖျော်ဖြေတင်ဆက်ပေးမှုများဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

(၃၃၈)

## အခြေခံစားသောက်ကုန်များကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက် ၇ နာရီက အောင်မြေသာစံမြို့နယ်၊ အကွက်အမှတ်(၈)၊ ၈၉လမ်း၊ ၁၀လမ်းနှင့်၁၁လမ်းကြား၊ ညောင်ကွဲရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးအနီးတွင် ရောင်းချပေးခဲ့သည်။



ထိုသို့ရောင်းချပေးမည့် အစီအစဉ်များမှာ ဇန်နဝါရီ ၁၅ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ အကွက်အမှတ်(၅၄၉)၊ ၃၄လမ်း၊ ၈၅လမ်းနှင့်၈၆လမ်းကြား၊ အောင်နန်းရိပ်သာအနောက်၊ မလွန်ရေတွန်းစက်ရုံရှေ့တွင်လည်းကောင်း၊ ဇန်နဝါရီ ၁၇ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးကြီး၊ ၂၆လမ်းနှင့် ၂၇လမ်းကြား၊ ၇၁လမ်းနှင့် ၇၂လမ်းကြားတွင် မွန်းလွဲ ၂ နာရီမှ စတင်ကာ ရောင်းချပေးသွားမည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှု အစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ် ကြီးကြပ်ပြီး အဆင်ပြေစွာဝယ်ယူရရှိနိုင်ရေးဆောင်ရွက်ပေးလျက်ရှိသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင်ဈေးများနှင့် စားအုန်းဆီအသင်းမှ ဖြန့်ဖြူးရောင်းချပေးသော အဆိုပြုဆီဆိုင်များတွင် စားအုန်းဆီများကို နံနက် ၈ နာရီမှ စတင်ကာ နေ့စဉ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-၆)**

## လျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးသွားမည်



**မင်းဘူး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူး(စကု) မြို့နယ်၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းနှင့် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးနှင့် အခြားသီးနှံ ဧကပေါင်း ၁၃၀၀ အတွက် စိုက်ပျိုးရေများကို စတင်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

"ကမ်းနီနဲ့ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုကနေ ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီမှာ နွေစပါး၊ နွေနှမ်း၊ နွေပဲတီစိမ်း၊ ဖူးစာပြောင်းနဲ့ အခြားသီးတွေအတွက် စိုက်ပျိုးရေကို ယခုလ ၂၅ ရက်မှစတင်ကာ ရေပေးဝေသွားမှာဖြစ်ပါတယ်။ ယခုလို စိုက်ပျိုးရေကို ရာသီမရွေး လုံလောက်စွာပေးဝေနိုင်ဖို့နဲ့မီတာ ယူနစ်ကုန်ကျစရိတ်သက်သာအောင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ပံ့ပိုးမှုနဲ့ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားပေးစနစ်ကို အဆင့်မြှင့်တင်ပြီး ဆောင်ရွက်ပေးထားတဲ့အတွက် ဒေသခံတောင်သူတွေရဲ့ စိုက်ပျိုးရေးကဏ္ဍကို အထောက်အကူပြုကာ များစွာအကျိုးဖြစ်ထွန်းစေမှာ ဖြစ်ပါတယ်"ဟု မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ တာဝန်ခံဦးစီးအရာရှိက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ အဆိုပါလျှပ်စစ်ရေတင်လုပ်ငန်းနှစ်ခုမှ ယခင်နှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၇၈ ဧကနှင့် အခြားသီးနှံ ၉၄၆ ဧကကို စိုက်ပျိုးရေများ အောင်မြင်စွာ ပေးဝေနိုင်ခဲ့ကြောင်း အလားတူ (ယခုနှစ်) ၂၀၂၄-၂၀၂၅ ခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါး ၃၉၀ ဧကနှင့် အခြားသီးနှံ ၉၁၀ ဧက၊ စုစုပေါင်း ၁၃၀၀ ဧကကို လျာထားစိုက်ပျိုးသွားမည်ဖြစ်ပြီး စိုက်ပျိုးရေများလုံလောက်စွာ ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၅၀၀)



## စိုက်ပျိုးစရိတ်ချေးငွေကျပ် ၂၅၃ သိန်း ထုတ်ချေးပေးခဲ့

**ပွင့်ဖြူ ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်အတွင်း ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်မြင့်မားစေရန်နှင့် ဒေသခံတောင်သူများ အခက်အခဲမရှိ အဆင်ပြေစွာ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေး ငွေကျပ် ၂၅၃ သိန်း ထုတ်ချေး ဆောင်ရွက်ပေးခဲ့ကြောင်း အဆိုပါ မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်ခွဲမှ သိရသည်။

"ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် ဒေသတွင်းရှိ ဆောင်းသီးနှံစိုက်ပျိုးတောင်သူတွေကို အချိန်မီသီးနှံစိုက်ပျိုးနိုင်ဖို့နဲ့ သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေဖို့ရည်ရွယ်ပြီး ဆောင်းသီးနှံစိုက်ပျိုး စရိတ်ချေးငွေကျပ် ၂၆၉ သိန်း လျာထားထုတ်ချေးဆောင်ရွက်ခဲ့ရာ ကျေးရွာအုပ်စု (၂)အုပ်စုက တောင်သူ ၄၆ ဦးကို ဆောင်းသီးနှံ ကုလားပဲဖြူလုံးကြီး စိုက်ဧက ၂၅၃ ဧကအတွက် တစ်ဧကလျှင် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁ သိန်းနှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၃ သိန်း ထုတ်ချေးပေးခဲ့ပါတယ်။ ချေးငွေထုတ်ချေးခြင်းကို ၂၀၂၄ ခုနှစ် နိုဝင်ဘာလ တတိယပတ်ကစပြီး ထုတ်ချေးပေးခဲ့ပါတယ်။ ဒီဇင်ဘာလ တတိယပတ်မှာ စိုက်ပျိုးစရိတ်ချေးငွေချေးယူလိုတဲ့ တောင်သူတွေကို အောင်မြင်စွာထုတ်ချေးပေးနိုင်ခဲ့ပါတယ်" ဟု ပွင့်ဖြူမြို့နယ် တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မြို့နယ်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက စိုက်ပျိုးစရိတ်ချေးငွေ လာရောက်ထုတ်ချေးယူသည့် ဒေသခံတောင်သူများကို ချေးငွေအတိုးနှုန်းထားများနှင့် သတ်မှတ်ကာလတွင် ချေးငွေများကို ပြေကြေစွာ အချိန်မီပေးဆပ်ရမည့် ချေးငွေစည်းကမ်းချက်များကို အသေးစိတ် ရှင်းလင်းဆွေးနွေးပြောကြားပြီး တောင်သူများထံ စနစ်တကျထုတ်ချေး ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၄၄၅)

* – * – * – * – *

* – * – * – * – * – *

## ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၁၀၀၀ ကျော်ဧက စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်တွင် ယခုနှစ်ဆောင်းသီးနှံရာသီ၌ ဟင်းသီးဟင်းရွက် သီးနှံလျာထားဧက ၁၁၈၀၀ကို အောက်တိုဘာလမှစ၍ စိုက်ပျိုးခဲ့ရာ ယနေ့ချိန်တွင် ဟင်းသီးဟင်းရွက်စိုက်ဧက ၁၁၈၀၆ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ယင်းသီးနှံများ စိုက်ပျိုးနိုင်သည့်အတွက် ဒေသထွက်ကုန်သီးနှံများကိုသာရောင်းချပြီး မိသားစုဝင်ငွေတိုးပွားစေကာ အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိစေမည့် အကျိုးကျေးဇူးများကို ရရှိလာမည် ဖြစ်သည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်တဲ့ကာလမှာ ဟင်းသီးဟင်းရွက်သီးနှံလျာထားဧက ၁၁၀၀၀ ကျော်ကို စိုက်ပျိုးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလိုသီးနှံတွေ စိုက်ပျိုးတဲ့အတွက် မိသားစုဝင်ငွေတိုးလာမယ့်အပြင် အခြားဒေသကနေလည်း သီးနှံတွေ တင်သွင်းရောင်းချစရာမလိုတော့မှာ ဖြစ်ပါတယ်။ ယခုဆောင်းရာသီမှာတော့ ဧကတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါတယ်" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါ မြို့နယ်တွင် ယခုနှစ် ဆောင်းရာသီစားဖို ဆောင်းသီးနှံစိုက်ပျိုးရာ၌ အသုံးဝင်သည့် သီးနှံများဖြစ်သော နံနံပင်၊ ခရမ်းချဉ်သီး၊ ခရမ်းသီး၊ ချဉ်ပေါင်၊ ဘူးသီး၊ ရုံးပတီသီး၊ ဂေါ်ဖီ၊ မုန်လာ၊ တိုင်ထောင်ပဲ၊ ပဲတောင့်ရှည်၊ သင်္ဘောသီး၊ ကန်စွန်း၊ သခွား၊ ကြက်ဟင်းခါးသီးများ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယင်းသီးနှံများ အောင်မြင်ဖြစ်ထွန်းစေရန် ဌာနမှလည်းကွင်းဆင်းပြီး တောင်သူများကို အသိပညာပေးဆွေးနွေးခြင်းများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

(၀၇၃)

* – * – * – * – *

* – * – * – * – * – *



## ဝါသီးနှံရာသီကုန်တွင် ကျေးရွာအုပ်စု(၁၅)အုပ်စုမှ (၁၄၃၀)ဧက စိုက်ပျိုး

**တံတားဦး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် ဝါသီးနှံရာသီကုန်တွင် ကျေးရွာအုပ်စု ၁၅ အုပ်စုမှ ၁၄၃၀ ဧကအမှန်စိုက်ပျိုးလျက်ရှိသည်။

အဆိုပါသီးနှံအား လျာထားဧကပြည့်မီရေးအတွက် မြို့နယ်စိုက်ပျိုးရေးပျိုးရေးဦးစီးဌာနမှတာဝန်ရှိသူများ ဦးဆောင်ပြီး ကျေးရွာများအရောက် ကွင်းဆင်းပြီး တောင်သူများနှင့်တွေ့ဆုံကာ အသိပညာပေးဟောပြောခြင်း၊ ဝါသီးနှံစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီသော တောင် ၈၊ ငွေချည် ၆၊ ငွေချည် ၉၊ ချည်မျှင်ဝါ B-31 ဝါမျိုးများ အဓိကထားစိုက်ပျိုးကြပြီး အပင်မကြပ်စေရန်နှင့် မျိုးစေ့သက်သာစေရန် စိုက်ကျင်းတစ်ကျင်းလျှင် မျိုးသန့်ဝါစေ့ ၃ စေ့ထက်မပိုဘဲ တစ်ဦးသတ်မှတ် အပင်ဦးရေပြည့်မီစေရန် စိုက်တန်း၊ စိုက်ကျင်းများကို နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး ၁၉ ရက်ခန့်အချိန်တွင် သန်မာသော ဝါပင်၂ ပင်သာ ချန်ထားကာ သားခွဲနုတ်ပယ်ခြင်းများ ဆောင်ရွက်နိုင်ပြီး အပင်နှင့်အသီးများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် နွားချေးကို နွားလှည်း ၁၀ စီးနှင့် ကွန်ပေါင်းမြေဩဇာတစ်အိတ်အား မြေခံအဖြစ် မြေပြုပြင်ပြီး အပိန့်ဝင်ချိန်နှင့် ပန်းပွင့်ချိန်တို့တွင် အပင်ခြေခနှင့် ၇ လက်မခန့်အကွာတွင် ကွန်ပေါင်းအိတ်ဝက်နှင့် ယူရီးယားအိပ်ဝက်ရော၍ ဖြူးပေးရကြောင်း လိုအပ်သောအချိန်များတွင် မြောင်းရှင်းခြင်း မြေဆွခြင်းနှင့် စုပ်ပိုး၊ ဝါဂွမ်းပိုးနီ၊ ရွက်လိပ်ပိုး စသည့် ကာကွယ်ဆေးများနှင့် အခြားပိုးသတ်ဆေးများလည်း လိုအပ်သလိုဆောင်ရွက်ပါက ဝါတစ်ဧက ပိဿာချိန် ၁၀၀၀ နှုန်းကျော်ထွက်ရှိကြောင်း သိရသည်။

တံတားဦးမြို့နယ်အနေဖြင့် ထောက်ရစ်၊ ပန်းယျ၊ စကားအင်း၊ ဓိးချောင်း၊ ပြူကန်၊ ငငါးဇင်ရိုင်း၊ ချောင်းခွ၊ ရေခါး၊ အိမ်ကန်၊ နွားခြံကြီးကုန်း၊ သန္တီကန်၊ စပါးတွင်း၊ သင်းတိမ်း၊ မြိုင်သာ၊ နွားတော်ကုန်း စုစုပေါင်း ကျေးရွာအုပ်စု ၁၅စုမှ ဝါသီးနှံရာသီကုန် ၁၄၃၀ ဧက အမှန်တကယ်စိုက်ပျိုးကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။

(အပေါ်ပုံ)

(၄၀၉)

* – * – * – * – *

## စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းအဖြစ် အ-ထ-က ကျောင်းသို့ Mobile Library နယ်လှည့်ကွင်းဆင်း ဆောင်ရွက်

**မိုင်းနောင် ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းနောင်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးဝန်ထမ်းများသည် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းအဖြစ် အ·ထ·က ကျောင်းသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များကို ယနေ့ နံနက် ၁၀ နာရီက နယ်လှည့်ကွင်းဆင်း ငှားရမ်းပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးစာကြည့်တိုက်သို့ စာအုပ်၊ စာစောင်များ လာရောက်ငှားရမ်းနိုင်ခြင်းမရှိသော ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ အလွယ်တကူ စာပေဖတ်ရှုလေ့လာနိုင်ရန်နှင့် ပြင်ပဗဟုသုတများ ရရှိစေရေး၊ စာအုပ်၊ စာစောင်များဖတ်ရှုခြင်းဖြင့် စာပေချစ်မြတ်နိုးသူများ ဖြစ်လာစေရန် ရည်ရွယ်၍ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ဌာနဆိုင်ရာရုံးများ၊ ဘုန်းတော်ကြီးကျောင်းများသို့ စာအုပ်၊ စာစောင်များ ပုံမှန်သွားရောက်ငှားရမ်းပေးလျက်ရှိရာ ယခုလအတွင်း အ·ထ·က ကျောင်းသို့ သွားရောက်ငှားရမ်းပေးခြင်းဖြစ်ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)

* – * – * – * – *






## ကိုယ်ဝန်ဆောင်မိခင်များအတွက် အသားအရေထိန်းသိမ်းခြင်းနည်းလမ်း



ကိုယ်ဝန်ဆောင်ချိန်အတွင်း မျက်နှာနဲ့အသားအရေကို ဂရုစိုက်ဖို့ လိုအပ်ပါသည်။ ကိုယ်ဝန်ဆောင်ချိန်မှာ ဟော်မုန်းအပြောင်းအလဲကြောင့် တင်းတိပ်၊ ဝက်ခြံနဲ့ အခြားအရေပြားဆိုင်ရာ ပြဿနာတွေဖြစ်ပေါ်တဲ့အပြင် ကိုယ်ဝန်ဆောင်သည်တွေအနေနဲ့ Skin care ပစ္စည်းတွေကို အသုံးပြုရာမှာလည်း အပျော့စားပစ္စည်းတွေကိုသာ အသုံးပြုသင့်ပါတယ်။ ကိုယ်ဝန်ဆောင်စဉ်အတွင်း မျက်နှာထိန်းသိမ်းနည်းအချို့ကို ဖော်ပြပေးလိုက်ပါတယ်။

(၁) ကိုယ်ဝန်ဆောင်ကာလမှာ အရေပြားဟာ နေရောင်ခြည်ကို ပိုထိခိုက်လွယ်ပါတယ်။ ဒါကြောင့် နေရောင်ကာခရင်မ်ကို အသုံးပြုရန် အရေးကြီးပါတယ်။ နေရောင်ကာခရင်မ်၊ အနည်းဆုံး SPF 50 ရှိတဲ့ Suncream ကိုအသုံးပြုပေးရမှာဖြစ်ပြီး နေပူထဲသွားတဲ့အခါ ဦးထုပ်နဲ့ မျက်မှန်ကဲ့သို့ အကာအကွယ်များကို ထပ်မံအသုံးပြုသင့်ပါတယ်။

(၂) သဘာဝ Mask များ အသုံးပြုခြင်း

ကိုယ်ဝန်ဆောင်စဉ်အတွင်း အသားအရေထိန်းသိမ်းမှုအတွက် သဘာဝ Mask အသုံးပြုပေးသင့်ပါတယ်။ အထူးသဖြင့် သဘာဝအဆီများ၊ ပျားရည်နှင့် ဒိန်ချဉ်ကဲ့သို့သော ပါဝင်ပစ္စည်းများဖြင့် ပြင်ဆင်ထားသော Mask များဟာ အသားအရေကို အာဟာရနဲ့ အစိုဓာတ်ပေးနိုင်ပါတယ်။ ဓာတ်မတည့်မှု(သို့မဟုတ်)ယားယံတဲ့ လက္ခဏာများဖြစ်လာရင်တော့ Mask ကို ချက်ချင်းဖယ်ရှားသင့်ပါတယ်။

(၃) မျက်နှာကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ခြင်း

ကိုယ်ဝန်ဆောင်ချိန်မှာ အရေပြားကိုသန့်ရှင်းပြီး ကျန်းမာနေစေဖို့အတွက် ပုံမှန်သန့်စင်ပေးဖို့ အရေးကြီးပါတယ်။ အသားအရေကို တစ်နေ့နှစ်ကြိမ် နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် သန့်စင်ပေးခြင်းဖြင့် အရေပြားပေါ်ရှိ အဆီနှင့် အညစ်အကြေးများကို ဖယ်ရှားပေးနိုင်ပါတယ်။ သို့သော် မကြာခဏဆေးကြောခြင်းသည် အသားအရေကို ခြောက်သွေ့စေနိုင်တာကြောင့် မှန်ကန်သင့်တော်တဲ့ မျက်နှာသစ်ဆေးကို အသုံးပြုရန် အရေးကြီးပါတယ်။

**Daisy**

## နှစ်ပတ်အတွင်း အသားဖြူလာစေမယ့် သဘာဝနည်းလမ်း

ခရီးတွေထွက်ပြီး နေဒဏ်၊ လေဒဏ်ကြောင့် အသားအရေညိုသွားခဲ့လို၊ ပြန်လည်ဖြူစင်စေချင်တယ်ဆိုရင်တော့ သဘာဝနည်းလမ်းကောင်းလေးတွေ ရှိပါတယ်။ ပထမနည်းလမ်းလေးကတော့



ညိုနေတဲ့ လက်တွေနဲ့ ခြေတွေအတွက် ဖြစ်ပါတယ်။ ဒီနည်းလမ်းလေးမှာ ဒိန်ချဉ်ကို အသုံးပြုပေးရပါမယ်။

သန့်စင်တဲ့ ဂွမ်းကို သုံးပြီး ဒိန်ချဉ်ကို အရေပြားပေါ်ကို လိမ်းပေးပါ။ ၁၅ မိနစ်ကြာတဲ့အခါမှာ ရေခပ်နွေးနွေးနဲ့ ပြန်ဆေးပေးပါ။ ညစဉ် ပြုလုပ်ပေးရင် ရက်အနည်းငယ်အတွင်းမှာ အသားအရေသိသာစွာ ဖြူစင်လာစေပါတယ်။

ဒုတိယနည်းလမ်းလေးကတော့ မျက်နှာနဲ့ လည်ပင်းအတွက် ဖြစ်ပါတယ်။ နနွင်းလက်တစ်ဆိတ်စာကို လိမ္မော်ရည် ထမင်းစားဇွန်း ၂ ဇွန်းနဲ့ရောပြီး ခပ်ပျစ်ပျစ်ဖျော်ပေးပါ။ မအိပ်ခင် မျက်နှာနဲ့ လည်ပင်းကိုလိမ်းပြီး နာရီဝက်ကြာရင် ရေအေးအေးနဲ့ ပြန်လည်သန့်စင်ပါ။ ဒီနည်းလမ်းလေးကလည်း သိသိသာသာဖြူလာစေတဲ့ နည်းဖြစ်ပါတယ်။ နနွင်းက အသားဖြူစေပြီး လိမ္မော်ရည်မှာပါတဲ့ ဗီတာမင်စီက ကော်လဂျင်ထုတ်လုပ်မှုကို အားပေးတဲ့အတွက် အသားအရေကို တင်းရင်းစေပါတယ်။

အခုဖော်ပြပေးထားတဲ့ လွယ်ကူရိုးရှင်းတဲ့နည်း လမ်းလေးတွေနဲ့ ညိုနေတဲ့အသားအရေကို ပြန်လည်ပြုပြင်နိုင်ပါတယ်နော်။

**Daisy**

## လက်မောင်းအဆီကျစေမယ့် ထိရောက်တဲ့လေ့ကျင့်ခန်း

လက်မောင်းမှာအဆီတွေရှိနေလို့ လက်ပြတ်နဲ့လက်တို ဝတ်ရမှာစိတ်အနှောင့်အယှက်ဖြစ်နေတဲ့ မိန်းကလေးတွေအတွက်တော့ အကောင်းဆုံးနည်းလမ်းပဲ ဖြစ်မှာပါ။ ဘယ်လိုအကြောင်းကြောင့်ပဲ လက်မောင်းအဆီတွေရှိပြီး တွဲကျနေပါစေ ဒီလေ့ကျင့်ခန်းကို လုပ်ပြီးတာနဲ့ ကျစ်လျစ်တဲ့ လက်မောင်းကို ပိုင်ဆိုင်ရပါပြီ။ ဘယ်လိုလေ့ကျင့်ခန်းတွေ လုပ်ရမလဲဆိုတော့ မတ်တပ်ရပ်ထားပြီး လက်တစ်ဖက်စီမှာ တစ်ပေါင်တုံး(သို့မဟုတ်) တစ်လီတာဆံ့ ရေသန့်ဘူးကို ကိုင်ထားပေးပါ။ လက်ကို ပေါင်ဘေးမှာ ကပ်ထားပါ။ ပြီးရင်တော့ လက်နှစ်ဖက်ကို ရှေ့ဘက်သို့ ဆန့်ထုတ်ကာ V ပုံသဏ္ဍာန်ထားပါ။ ၅ စက္ကန့်လောက် ထားပြီးတဲ့အခါ မူလပုံစံပြန်နေပေးပါ။

ခြေထောက်ကို အနည်းငယ်ခွဲပြီး မတ်တပ်တန်းတန်း ရပ်ပါ။ လက်တစ်ဖက်စီမှာ တစ်ပေါင်တုံး (သို့မဟုတ်) တစ်လီတာဆံ့ ရေသန့်ဘူးကိုင်ထားပေးပါ။ လက်ကို တံတောင်ဆစ်ကနေ ကွေးပြီး ပခုံးကို ထိထားပါ။ ပြီးရင် အပေါ်သို့ တန်းတန်းမြှောက်ပါ။ ၃ စက္ကန့်လောက် ကြာပြီးသွားတဲ့အခါ လက်ပြန်ချပါ။

မှောက်လျက်အနေအထားအတိုင်း နေပေးပြီး လက်နှစ်ဖက်ကို ဘေးဘက်သို့ တန်းနေအောင် ဆန့်ထားပါ။ ခြေထောက်နှစ်ချောင်းလုံးကို ၄၅ ဒီဂရီ အပေါ်သို့မြှောက်ပါ။မှောက်လျက် အနေအထားအတိုင်း ရင်ဘတ်ကိုကြွပါ။ ပြီးရင်လက်ကို ရှေ့သို့ဆန့်ထုတ်ပါ။ ၃ စက္ကန့် လောက်ကြာတဲ့အခါ မူလအနေအထားအတိုင်း ထားပေးပါ။

**Daisy**




## ကော်ဖီကြိုက်သူများ သိထားသင့်တဲ့ကျန်းမာရေးလက္ခဏာများ

ကော်ဖီတစ်နေ့နှစ်ခွက်ထက် ပိုသောက်နေတယ်ဆိုရင်တော့ သင်ဟာ ကော်ဖီအသောက်များသူလို့ ပြောလို့ရပါတယ်။ တချို့ကတော့ မနက်ခင်းမှာတင် တစ်ခွက်လောက်နဲ့ အဆင်မပြေတတ်ပါဘူး။ ကော်ဖီတွေအသောက်များတာ၊ အားဖြည့်အချိုရည်တွေ အသောက်များတာကြောင့် သင့်ခန္ဓာကိုယ်ဟာ ကဖိန်းဓာတ်ကို သည်းမခံနိုင်တော့တာမျိုး ဖြစ်တတ်ပါတယ်။ ခန္ဓာကိုယ်ဟာ သည်းမခံနိုင်တော့ကြောင်းကို အောက်ပါလက္ခဏာတွေနဲ့ ပြတတ်ပါတယ်။

ရေများများမသောက်နိုင်တဲ့အချိန်မှာ ကဖိန်းဓာတ်ပါတဲ့ အရည်တွေကို မသောက်သင့်ပါဘူး။ ကော်ဖီလို ကဖိန်းပါတဲ့အရည်တွေဟာ ခန္ဓာကိုယ်မှာ ရေဓာတ်ခန်းခြောက်သွားစေနိုင်ပါတယ်။ ခေါင်းတွေ ရိပ်ခနဲ မူးသလိုဖြစ်တာ၊ အပေါ့သွားတဲ့အခါ ဆီးဝါတာမျိုးတွေဟာ သင့်ကိုယ်မှာ ကဖိန်းဓာတ်တွေ များလွန်းနေတဲ့ လက္ခဏာလည်း ဖြစ်တတ်ပါတယ်။

ခန္ဓာကိုယ်မှာ လှုံ့ဆော်မှုတွေ အလွန်အမင်းဖြစ်ပေါ်ပြီး စိုးရိမ်ပူပန်တာမျိုးတွေ ဖြစ်တတ်ပါတယ်။ ဒီလိုမျိုးဖြစ်တဲ့အခါ ကဖိန်းဓာတ်ပါတဲ့အရည်တွေကို လျှော့သောက်ကြည့်ပါ။ လျှော့သောက်လို့ သက်သာသွားတယ်ဆိုရင်တော့ သင့်ခန္ဓာကိုယ်ဟာ ကဖိန်းဓာတ်ကို သည်းမခံနိုင်တဲ့ လက္ခဏာဖြစ်ပါတယ်။ နှလုံးခုန်မြန်တာ၊ ရင်တုန်တာ၊ မူးမော်သလိုဖြစ်တာတွေည်း ရှိပါတယ်။

ကဖိန်းဓာတ်ပါတဲ့အရည်ကိုသောက်တဲ့အခါ ရေဓာတ်ခန်းခြောက်တာမျိုးဖြစ်လာနိုင်သလို တခြားတစ်ဖက်ကလည်း သောက်ပြီးတိုင်း အပေါ့ခဏခဏ သွားတာတွေလည်း ဖြစ်တတ်ပါတယ်။ ဒါမျိုးဖြစ်နေပြီ ဆိုရင်တော့ ကဖိန်းဓာတ်ကို သင့်ခန္ဓာကိုယ်က မခံနိုင်တာလည်း ဖြစ်နိုင်ပါတယ်။

အစာအိမ်မကောင်းတဲ့အခါ ကဖိန်းဓာတ်ကြောင့် ဗိုက်ထဲမှာ တင်းကြပ်တာမျိုးခံစားရပါတယ်။ ကဖိန်းဟာ သင့်ခန္ဓာကိုယ်မှာပုံမှန်အလုပ်မလုပ်တာကြောင့် ဖြစ်ပါတယ်။ သွားရင်းလာရင်းနဲ့ ဗိုက်က တင်းကြပ်သလို ခံစားနေရတာ ဖြစ်ပါတယ်။

အထက်ပါလက္ခဏာတစ်မျိုးမျိုး ဖြစ်ပေါ်လာပြီဆိုရင်တော့ ကော်ဖီသောက်တာ၊ ကဖိန်းဓာတ်ပါတဲ့ အချိုရည်သောက်တာတွေကို ဆင်ခြင်သင့်ပါတယ်။

**Daisy**



## ရေကူးပြီးတိုင်းမျက်စိနီခြင်းဟာ ကလိုရင်းကြောင့်မဟုတ်ဘဲ အညစ်အကြေးကြောင့် ဖြစ်သည်ဟုဆို

ရေကူးကန်မှာ ရေကူးပြီးတိုင်း အပေါ်ကိုပြန်တက်လာရင် မျက်စိနီနေတာမျိုး မကြာခဏကြုံရလေ့ရှိတယ်။ ရေကူးမျက်မှန်ကိုတပ်ပြီး ကူးသင့်တာပေါ့။ မျက်မှန်မပါဘဲ ရေကူးရင် မျက်စိက အမြဲတမ်းလိုလို နီနေတယ်။ ရေကူးကန်ထဲမှာ ပိုးသတ်ဆေးအဖြစ် ခပ်ထားတဲ့ ကလိုရင်းကြောင့် မျက်စိနီရတယ်လို့ ထင်မိရင် မှားသွားပါလိမ့်မယ်။ တရားခံအစစ်က ကလိုရင်းမဟုတ်ပါဘူး။ ရေကူးကန်ထဲမှာ ပေါက်သွားတဲ့ ဆီးကြောင့်သာ ဖြစ်တယ်လို့ သုတေသီတွေကဆိုပါတယ်။ အမေရိကန်ပြည်ထောင်စု၊ ရောဂါထိန်းချုပ်ရေးနဲ့ ကာကွယ်ရေးစင်တာ (CDC)ရဲ့ ပညာရှင်တွေက ရေကူးကန်မှာ ရေကူးပြီးတိုင်း မျက်စိနီခြင်းဟာ ရေကူးကန်ထဲမှာရှိနေတဲ့ ဆီးနဲ့ ချွေးတွေဟာ ကလိုရင်းနဲ့ထိတွေ့ရာကနေ မျက်စိကို နီရဲကျိန်းစပ်စေတာဖြစ်ကြောင်း ဆိုလိုက်ပါတယ်။ ကလိုရင်းတစ်မျိုးတည်းကြောင့် မျက်စိနီတာ မဟုတ်ဘဲ ဆီးနဲ့ ချွေးတို့နဲ့ ပေါင်းစပ်သွားလို့သာ ဖြစ်ရတာပါ။ အထူးသဖြင့် လေထုသန့်စင်မှုအားနည်းတဲ့ မိုးလုံလေလုံ ရေကူးကန်တွေမှာဆို မျက်စိနီတာ ပိုပြီးဖြစ်နိုင်ပါတယ်။ အကြောင်းကတော့ ကလိုရင်း၊ ချွေး၊ ဆီးတို့ ပေါင်းစပ်မှုဟာ လေထုသန့်စင်မှုအားနည်းတဲ့အခါ ပိုဆိုးသွားလို့ပါပဲ။

ရေကူးကန်တစ်ခုဟာ ကလိုရင်းနံ့ခပ်ပြင်းပြင်းရနေတာကို ရေတွေသန့်နေတယ်လို့ ယူဆလို့မရပါဘူး။ ရေထဲက ဘက်တီးရီးယားတွေကြောင့်သာ အနံ့ကပြင်းလာရတာပါ။ ကလိုရင်းနံ့ပြင်းနေရင် ကျန်းမာရေးအတွက် သင့်လျော်တဲ့ရေကူးကန်မဟုတ်ပါဘူး။ လေထုသန့်စင်မှုကောင်းတဲ့ ရေကူးကန်တွေမှာကူးတာက အကောင်းဆုံးဖြစ်ပါတယ်။

**Daisy**



## စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

**ဇေယျာသီရိ ဇန်နဝါရီ ၁၄**

ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက လေသာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဇေယျာသီရိမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဒေါ်မြစန်းရီက လူငယ်စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူလူငယ်များ စာပေလေ့လာဖတ်ရှုကြစေရန်၊ စာပေမှတစ်ဆင့် အသိပညာဗဟုသုတတိုးပွားလာစေရန်၊ ရရှိသည့်ဗဟုသုတများကို ပြန်လည်မျှဝေပေးနိုင်ရန်၊ အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်၊ နှုတ်စွမ်းရည်များ တိုးတက်ပြီး ပရိသတ်ရှေ့တွင်ပြောရဲ၊ ဆိုရဲ ဆွေးနွေးရဲသည့် သတ္တိများရှိလာစေရန်၊ ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်များပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် လူငယ်စကားဝိုင်းကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် လူငယ်စကားဝိုင်းဆက်လက်ကျင်းပရာ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြစန်းရီနှင့် ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့် အနာဂတ်ရည်မှန်းချက်၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ယဉ်ကျေးမှုနှင့် လူငယ်နှင့် အားကစား စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းတွင် ဆွေးနွေးသည့် ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားပေးခဲ့သည်။

ထို့နောက် အခမ်းအနားအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် နံရံကပ်စာစောင်များအား ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀

ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အမေ့မေတ္တာဂုဏ်သ ပြာသိုလ

* သံယောဇဉ်နှင့် နှောင်ဖွဲ့ပြုလို့
မေတ္တာထု ကြီးမားစွာ
အသက်ကို ပေးအပ်နှင်း
အကြောက်ကင်းမဲ့ကာ ။
ကိုးလလွယ်လို့ ဆယ်လမှာ
ဖွားလို့သာ အသက်ဆက်ပေး ။
ပြုံးရွှင်စွာ ရင်ဝယ်ပိုက်လို့ရယ်
နို့ရည်တိုက်ကျွေး ။

* နာကျင်မှုကို ဘယ်မတွေးလို့
ကြင်နာထွေး ယုယပေ ။
ပုခက်လွှဲ အမေ့လက်
လှမ်းဆက်အမြဲလေ ။
လောကခံမှု အကြောင်းအကျိုးတွေ
ရင်ဆိုင်နေ မာန်ခတ်ကူး ။
သမီး သားရဲ့ အနာဂတ်အရေးကိုကွယ်
မျှော်တွေးရှင်မြူး ။

* မွေးမိခင်ကို မှန်းရွယ်စူးပါလို့
ဂုဏ်ကျေးဇူး သိမှတ်တည် ။
မကာရ ခေါ် ပြာသိုလ
ကျင်းပကြသည် ။
လမင်းရယ် တောက်ပကြည်
ဝင်းလဲ့ရည် စွင့်စွင့်အား ။
အမေ့လလို့ သမုတ်အပ်ပါလို့
ထူးမြတ်ဝင့်ကြွား ။

* မိခင်တန်ဖိုး အလေးထားလို့
တို့အများ ပူဇော်အစဉ်
အချိန်နှင့်အမျှ သက်ရှင်လမ်း
မှန်းဆမြော်မြင် ။
ခွာညိုပန်းတို့ ပွင့်လှာဆင်
မွေးပျံ့လွင် ပမာပြု ။
ထူးမြတ်လ ပြာသိုတွင်းမယ်
အပြစ်ကင်းစေမူ ။ ။

**မင်းမြတ်မိုး(မန်းမြေ)**

## မန္တလေးအမေ့မေတ္တာနေ့အထိမ်းအမှတ် မိဘမေတ္တာ မင်္ဂဇင်းအမှတ်(၂) မိတ်ဆက် ငဝန်အနုပညာရပ်ဝန်းက စီစဉ်သည့် မန္တလေးသက်ကြီးအငြိမ့် ဖျော်ဖြေတင်ဆက်

**မန္တလေး ဇန်နဝါရီ ၁၄**

ဆဋ္ဌမအကြိမ်ပြာသိုလပြည့် (အမေ့မေတ္တာနေ့ အထိမ်းအမှတ်) အဖြစ် ဓရာဝတီပရဟိတ၊ ဟသံာတရွှေကျောင်းဆရာတော်အရှင်နန္ဒာဝံသ(ဂန္ထဝါစကပဏ္ဍိတ၊ သာသနဓဇဓမ္မာစရိယ-M.A)၊ ကဗျာဆရာနေရစ်သော်(ဟသံာတ) ဦးစီးထုတ်ဝေသော မိဘမေတ္တာမဂ္ဂဇင်းအမှတ်(၂)ကို စာရေးဆရာကြီး၊ ဆရာမကြီးများမှ အမှတ်တရ လက်မှတ်ရေးထိုး မိတ်ဆက်ရောင်းချပွဲကို ဇန်နဝါရီ ၁၃ ရက် (ပြာသိုလပြည့်)နေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ ပြည်ကြီးတံခွန်မြို့နယ်၊ ၆၉ လမ်း၊ ၁၁၇ လမ်းနှင့် ၁၁၈လမ်းကြားရှိ ဓရာဝတီပရဟိတ၊ ဟသံာတရွှေကျောင်းရှိ ငဝန်အနုပညာရပ်ဝန်းတွင် ကျင်းပခဲ့ရာ စာပေ၊ အနုပညာရှင်များ တက်ရောက်အားပေးခဲ့ကြသည်။



ဆဋ္ဌမအကြိမ် ပြာသိုလပြည့် မန္တလေးအမေ့မေတ္တာနေ့ အထိမ်းအမှတ် "ငဝန်အနုပညာရပ်ဝန်း" က စီစဉ်တင်ဆက်သော မန္တလေးသက်ကြီးအငြိမ့်ဖျော်ဖြေတင်ဆက်ပွဲကို မွန်းလွဲ ၁နာရီတွင် ကျင်းပရာ မန္တလေးကောင်းသန့်ဆိုင်းအဖွဲ့နှင့်အတူ ပန်တျာငွေးငွေးမြင့်၊ တက္ကသိုလ်ခင်မြလွင်၊ ပန်တျာယမင်းအောင်၊ ခင်သစ်လွင်၊ လင်းလက်နွယ်နှင့်ကောင်းသန့်တို့က တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ပြီး လူရွှင်တော်ချစ်စရာ၊ မုံရွာတက်တိုး၊ ချိုတူး၊ ဝင်းအောင်တို့နှင့်အတူ မင်းသမီးကြီးရွှေမန်းသူမြင့်မြင့်သန်း၊ ထိပ်သီးသန်းသန်း၊ ယုဝတီတို့က အငြိမ့်ခန်းဖျော်ဖြေတင်ဆက်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၄၅)**



## မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**မိတ္ထီလာ ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အသိပညာပေးဟောပြောပွဲကို ယမန်နေ့က မုန်ပင်ဆည်ကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးဒေါ်အေးစန္ဒာက အသိပညာပေး ဟောပြောပွဲကျင်းပခြင်းနှင့်ပတ်သက်၍ ပြောကြားရာတွင် မြို့နယ်အတွင်း မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော တောမီးနှင့်အခြားအကြောင်းအမျိုးမျိုးတို့ကြောင့် မီးလောင်ကျွမ်းခြင်းတို့ကို ကာကွယ်နိုင်ရန်အတွက် အသိပညာပေးဟောပြောခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး ဝန်ထမ်းများက မီးခိုးမြူငွေ့ညစ်ညမ်းမှုအန္တရာယ်အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများ၊ ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)(၄၆၉)**



## သတင်းပဒေသာ

### လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်း၍ ယမန်နေ့ မွန်းလွဲပိုင်း ၁ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre ) ခန်းမ၌ စာရေးဆရာ ဗမိုး (မြန်မာပြန်) ရေးသားသည့် အခွင့်အလမ်း၊ စွမ်းဆောင်ရည်နှင့် အောင်မြင်မှု စာအုပ်ဖြင့် စာဖတ်ဝိုင်းကျင်းပသည်။ စာအုပ်စာစောင် ချစ်မြတ်နိုးသူများအသင်း (Book Club)အဖွဲ့ဝင်များက အခွင့်အလမ်းများအား ရှာဖွေဖော်ထုတ်ချဉ်းကပ်ပုံနည်းလမ်းများ၊ အောင်မြင်သူတို့၏ အခက်အခဲပြဿနာအပေါ် ရှုမြင်ပုံ၊ မိမိကိုယ်ကို ယုံကြည်မှုရှိခြင်းမှ အောင်မြင်မှုဆီသို့ အမြဲမပျက်လှေ့လာသင်ယူခြင်းဖြင့် မိမိအနာဂတ်ကို တည်ဆောက်သင့်ပုံစသည့် အကြောင်းအချက်အလက်များအား အကျယ်တဝင့် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပညာရေးစုံညီပွဲတော် အခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နမ့်စန်ခရိုင်၊ ကွန်ဟိန်းမြို့နယ်၊ အခြေခံပညာမူလတန်းကျောင်း(နမ့်ကုန်)တွင် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ကျောင်းတွင် ကျင်းပရာ ကျောင်းသား၊ ကျောင်းသူလေးများက "စုံညီပွဲတော်တို့နွဲပျော်" သီချင်းဖြင့် ဖွင့်လှစ်ခဲ့သည်။ ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းနိုင်မှ အမှာစကားပြောကြားသည်။ မြို့နယ်ပညာရေးမှူး ဒေါ်နန်းဖြူဆိုင်နှင့် နမ့်ကုန်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကာလိန်တို့မှ အမှာစကားပြောကြားပြီး ဆုရကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်ခရိုင်၊ မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်၊ ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာ အသုံးချတတ်စေရန်ရည်ရွယ်၍ ယမန်နေ့ မွန်းလွဲပိုင်းက အဆိုပါ ရုံးရှိ လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲ စည်းမျဉ်း၊ စည်းကမ်းများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ကျင်းပရာ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် စာဖတ်ဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ကျောက်တလုံးကြီးမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် (Youth Club)တို့ပူးပေါင်း၍ လူငယ်အသိမြင့်မားရေး၊ ဘဝအောင်မြင်ရေးအတွက် ကိုယ်ပိုင်လား၊ အငှားလား၊ ကိုယ်တိုင်တည်ဆောက်ယူမှာလား စာအုပ်ဖြင့် စာဖတ်ဝိုင်းကို ယနေ့ နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre)တွင် ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ဦးစီးမှူး ဒေါ်သန္တာဝင်းက စာဖတ်ဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားခဲ့သည်။ စာရေးဆရာ မောင်ခင်မင်(ဓနုဖြူ) ရေးသားထားသည့် ပညာတတ်ဖို့ စာဖတ်ရမည်အကြောင်းအရာများကိုလည်းကောင်း၊ ကျောက်တလုံးကြီးမြို့ အ.ထ.ကမှ အထက်တန်းပြဆရာဦးနန္ဒအောင်က စာရေးဆရာ ဖေမြင့် ရေးသားထားသည့် အောင်မြင်မှုအတွက်အရေးကြီးသော အရင်းအနှီးတစ်ရပ်အကြောင်းအရာများကိုလည်းကောင်း၊ ဆွေးနွေးခဲ့ပြီး တက်ရောက်လာသူ (Youth Club) အဖွဲ့ဝင်များက မိမိတို့သိရှိလိုသည်များကို မေးမြန်း၍ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေး၊ ၅၉လမ်း၊ ဘီ(၁၁၆)၊ ပြည်ကြီးတံခွန်နေ ကိုဘုန်းရှင်+မမြင့်မြင့်စိုင် မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ်ဆယ်သိန်း လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်း အတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးလှထွေးနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်း ပြန်လည်ပေးအပ်စဉ်။ (ကဆ)

## (၁၈၅)ကြိမ်မြောက် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူဒါန်း

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ညောင်ကွဲရပ်ကွက်၊ ၈၉ လမ်း၊ ၈လမ်းနှင့်၉လမ်းကြား၊ ညောင်ကွဲရပ်ကွက် အရန်မီးသတ်တပ်ဖွဲ့ရုံးအရှေ့တွင် ဇန်နဝါရီ ၁၃ ရက် နံနက် ၅ နာရီခွဲက မြို့နယ်အရန်မီးသတ်တပ်ဖွဲ့၊ တပ်ခွဲ(၃) တပ်ခွဲမှူး မောင်မောင်(ခ)ဇော်ဝင်းအောင်၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့၊ တပ်စုမှူး တင်မောင်ဆန်းနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များ ပူးပေါင်း၍ ရပ်ကွက်အတွင်း လေးပြင်လေးရပ်မှ ဆွမ်းခံကြွရောက်လာသော သံဃာတော်များအား (၁၈၅)ကြိမ်မြောက် အရုဏ်ဆွမ်းအဖြစ် ဆွမ်း၊ ဝက်သားချက်၊ ကြက်ဥချက်၊ ကုလားပဲချက်၊ ငါးလေးခြောက်၊ ငရုတ်သီးကြော်၊ ပဲတီချဉ်သုပ် စသည့် ဆွမ်း၊ ဆွမ်းဟင်းများ လောင်းလှူခဲ့ကြောင်း သိရ သည်။

(အောက်ပုံ)

(၀၇၀)



## ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားဘက်စုံ ပြုပြင်မွမ်းမံ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့်ဓမ္မာရုံ လှူဒါန်းပူဇော်

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေး၊ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း ၃၀ကြားရှိ ရှေးဟောင်းသမိုင်းဝင် ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရားနှင့် ပရိဝုဏ်အား ဂေါပကအဖွဲ့မှ ဘက်စုံပြုပြင်မွမ်းမံလျက်ရှိသည်။ ရှင်ဘို့မယ်ဆုတောင်းပြည့်ဘုရား ပရိဝုဏ်အတွင်းရှိ အဓိဋ္ဌာန်အောင် ဆုတောင်းပြည့် ဓမ္မာရုံအား အသစ်ဆောက်လုပ်



၍ ရေစက်သွန်းချလှူဒါန်းပူဇော်ပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်က အဆိုပါ ဘုရားပရိဝုဏ်တွင် ကျင်းပသည်။

အစီအစဉ်အရဂေါပကအဖွဲ့မှ သာသနာအလံ၊ တံခွန်ကုက္ကား၊ ပန်းဖလားများကိုင်ဆောင်၍ ဆရာတော်၊သံဃာတော်များအား အဓိဋ္ဌာန်အောင်ဆုတောင်းပြည့် ဓမ္မာရုံသို့ ပင့်ဆောင်၍ ဓမ္မာရုံအတွင်း ကိန်းဝပ်စပ္ပာယ်တော်မူသောရုပ်ပွားတော်များနှင့် ရှင်ဘို့မယ်စေတီတော်ကြီးနှင့် ဘုရားပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များကို ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။ (ဝဲပုံ)

ထို့နောက် ဒါယကာ၊ ဒါယိကာမများက ဩဝါဒါစရိယဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ပြီး သံဃာတော်များက မင်္ဂလသုတ်၊မေတ္တာသုတ်၊ ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်တော်မူကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်ခြင်း၊ အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချအမျှအတန်းပေးဝေကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်၍ ဧည့်သည်များအား နေ့လယ်စာ ကျွေးမွေးဧည့်ခံခဲ့သည်။ အဆိုပါ ဓမ္မာရုံအား အင်ဂျင်နီယာ ဦးခင်+ဒေါ်ကြင်မေ(သမီး)ဒေါ်ယဉ်ယဉ်မိသားစုက ဓမ္မာရုံအသစ်ထပ်မံဆောက်လုပ်လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ (၀၄၅)

## ဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား လစဉ်ထောက်ပံ့

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ သက်ကြီးဘိုးဘွားများနှင့် ချို့တဲ့အိမ်ထောင်စုများအား (၁၉)ကြိမ်မြောက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပွဲကို ယနေ့ နံနက် ၉ နာရီက အဆိုပါ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် ကျင်းပသည်။ **(အပေါ်ယာပုံ)**

ထိုသို့ ထောက်ပံ့မှုအစီအစဉ်ကို မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အဖွဲ့ဝင်ဗိုလ်မှူးဆွေလွင်အောင်၊ အဖွဲ့ဝင် ဦးထွန်းထွန်းဝင်း၊ အတွင်းရေးမှူး ရဲမှူးဝင်းဇော်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးထွန်းမြင့်ဦးနှင့် ရပ်မိ၊ ရပ်ဖများ တက်ရောက်ကြသည်။

ထောက်ပံ့မှုတွင် ရဲမွန်တောင်ရပ်ကွက်အတွင်းရှိ အသက် ၈၀ အထက် ဘိုးဘွား ၃၀ ဦးအား ငွေကျပ် တစ်သောင်း၊ ချို့တဲ့အိမ်ထောင်စု ၇၀ အား ငွေကျပ် ငါးထောင်နှင့် ဆန်နှစ်ပြည်၊ဆီ ၅၀ ကျပ်သား၊ ကြက်ဥ ၁၀ လုံး၊ ကြက်သွန်နီ ၅၀ ကျပ်သား၊ အိုင်အိုဒင်းဆားတစ်ထုပ်၊ ဆပ်ပြာတစ်ဘူးတို့ကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ယင်းထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့ခဲ့ရာ ယနေ့အထိ (၁၉)ကြိမ်မြောက် ထောက်ပံ့ပေးအပ်ခဲ့ပြီး အလှူရှင်များ၏ လှူဒါန်းပါဝင်မှုအပေါ်မူတည်ပြီး တိုးမြှင့်ထောက်ပံ့ပေးနေခြင်းဖြစ်သည်။

အဆိုပါ ထောက်ပံ့မှုအစီအစဉ်ကို လစဉ်ထောက်ပံ့နိုင်ရန် အလှူရှင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ချို့တဲ့အိမ်ထောင်စုများကို ထပ်မံတိုးချဲ့ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၆)**



## ကျောင်းကြက်ခြေနီအသင်းခွဲများသို့ စာအုပ်စာတမ်းများနှင့် ဆေးအိတ်များ ထောက်ပံ့ ပေးအပ်

**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ပညာရေးမှူးရုံး၏ ညွှန်ကြားမှုဖြင့် ရှေးဦးပြုစုခြင်း(အခြေခံ) သင်တန်းများ ဖွင့်လှစ်ခဲ့သော မန္တလေးခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများသို့ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးဦးကျော်ကျော်၊ တိုင်းဒေသကြီးသူနာပြုတပ်ဖွဲ့မှူး ဦးမြင့်သိန်းတို့နှင့်အတူ ဇန်နဝါရီ ဒုတိယပတ်မှစတင်၍ အခြေခံပညာကျောင်းကြက်ခြေနီအသင်းခွဲငယ်ကော်မတီဝင်များနှင့် တွေ့ဆုံပြီး သင်တန်းဆင်း ကျောင်းသား၊ ကျောင်းသူများ ဆက်လက်လေ့ကျင့်ရေး၊ ကျောင်းကြက်ခြေနီအသင်းခွဲငယ်ရုံးခန်းများ ထားရှိနိုင်ရေးအတွက် လိုအပ်သောပစ္စည်းများ၊ ဆေးအိတ်များ ပေးအပ်ခဲ့သည်။



ဆက်လက်၍ ကျောင်းကြက်ခြေနီအသင်းခွဲငယ်များနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲ များ ပူးပေါင်းပြီး စဉ်ဆက်မပြတ် လေ့ကျင့်ခြင်းများကို ကြည့်ရှုခဲ့ကြကြောင်း သိရသည်။ (ဝဲပုံ)

(၀၄၅)

# အသုံးချသုတေသနများနှင့် ပညာရေးတိုးတက်မြင့်မားမှု

**ကိုကိုပံသု(ပခုက္ကူတက္ကသိုလ်)**





နိုင်ငံတော်၏ ပညာရေးတိုးတက်မြင့်မားမှုသည် နိုင်ငံသားအားလုံး၏ အဓိကတာဝန်တစ်ရပ် ဖြစ်ပါသည်။ ပညာရေးတိုးတက်မြင့်မားမှုမှသည် ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးနိုင်မည် ဖြစ်သည်။ ထူးချွန်သူများ၏ စုပေါင်းစွမ်းဆောင်အားဖြင့် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု၊ တည်ငြိမ်အေးချမ်းမှုနှင့် ဝပြောသာယာမှုကို တည်ဆောက်ကြရပါမည်။ ပြုပြင်ဖန်တီးပေးကြရပါမည်။ ဤသို့ ဖြစ်ပေါ်လာစေရန် နိုင်ငံတော်၏ ပညာရေး၊ စီးပွားရေး၊ စီမံခန့်ခွဲရေး၊ စက်မှုလုပ်ငန်း၊ နည်းပညာနှင့် သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်ဆိုင်ရာ၊ သင်ကြားမှု၊ သင်ယူမှုဆိုင်ရာ သုတေသနပြုခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်နေကြရန် လိုအပ်ပါသည်။

ဖော်ပြပါ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် "ပညာရေးဆိုင်ရာ အသုံးချသုတေသန နိုင်ငံတကာညီလာခံ ၂၀၂၅ (International Conference on Applied Research in Education- 2025)ကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၀ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC II)၌ ကျင်းပခဲ့ပါသည်။ အဆိုပါ ညီလာခံကြီးတွင် ပညာရေးဆိုင်ရာ သုတေသနနှင့် တီထွင်ဆန်းသစ်မှုများ၊ နည်းပညာဆိုင်ရာ သုတေသနပြုချက်များ၊ ဝိဇ္ဇာသိပ္ပံပညာရပ်များဆိုင်ရာ အသုံးချသုတေသန၊ မြေကမ္ဘာနှင့် သမုဒ္ဒရာဆိုင်ရာ ခေတ်မီအသုံးချသုတေသနများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်ကြီးများက သုတေသနစာတမ်းများ ဖတ်ကြားခြင်း၊ အသိဉာဏ်ဗဟုသုတများ နှီးနှောဖလှယ်ခြင်းများကို စိတ်ပါဝင်စားစွာ ဆောင်ရွက်နိုင်ခဲ့ကြပါသည်။

ညီလာခံ ပထမနေ့တွင် နိုင်ငံတော်တာဝန်ရှိသူက အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး၊ ရန်ကုန်ပညာရေးတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်များမှ ကျောင်းသားလူငယ်တို့က အကအလှပဒေသာတို့ဖြင့် တင်ဆက်ခဲ့ကြပြီး၊ အမှတ်တရဓာတ်ပုံမှတ်တမ်းတင်ခြင်းများ ပြုလုပ်ကြပါသည်။ ထို့နောက် အသုံးချသုတေသနစာတမ်းများဆိုင်ရာ ပိုစတာများနှင့် ဘာသာရပ်ဌာနအသီးသီးက ပြသထားသည့် သုတအဖြာဖြာ သိမှတ်စရာ (Table Show) များကို လှည့်လည်ကြည့်ရှုလေ့လာကြပါသည်။

နေ့လယ်ပိုင်းတွင် ပညာရေးဝန်ကြီးနှင့်အတူ တရုတ်၊ အိန္ဒိယ၊ ရုရှား၊ ဗီယက်နမ်နှင့် SEAMEO မှ တာဝန်ရှိများက မှတ်သားဖွယ် Key note Speech များ ဟောပြောကြပါသည်။ ထို့နောက် ပြည်ပနိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူစာချုပ်(MOU)များ ရေးထိုးကြသည်မှာ အားရကျေနပ်ဖွယ်ဖြစ်ပါသည်။ ညနေပိုင်းတွင် ပြည်တွင်း၊ပြည်ပ ပညာရှင်ကြီးများက Key note Address နှင့် Special Talk




အစီအစဉ်များတွင် ပါဝင်အားဖြည့်၍ ဟောပြောပို့ချမှုများသည် မြန်မာ့ပညာရေးမြှင့်တင်မှုများအတွက် များစွာအထောက်အကူ ဖြစ်စေပါသည်။

ဤညီလာခံကြီးသို့ ပညာရေးအသုံးချသုတေသနပြုရေးဆိုင်ရာ နယ်ပယ်အသီးသီးမှ ပြည်တွင်း၊ ပြည်ပ ဝါရင့်ပညာရှင်ကြီးများ၊ မျိုးဆက်သစ်ပညာရှင်များ၊ ဝန်ကြီးဌာန(၁၂)ခုမှ တာဝန်ရှိသူများ၊ နိုင်ငံတော်ရှိ တက္ကသိုလ်၊ ကောလိပ်သိပ္ပံများမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများ၊ ကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများ စုံညီစွာ တက်ရောက်ခဲ့ကြပါသည်။

ဖော်ပြပါ ညီလာခံကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါအဖွဲ့အစည်းများက စုပေါင်းအင်အား စွမ်းအားပြည့်စွာ ပါဝင်ဆောင်ရွက်ပေးခဲ့ပါသည်။

၁။ ပညာရေးသုတေသနစီမံကိန်းနှင့် လေ့ကျင့်ရေး ဦးစီးဌာန
၂။ ရန်ကုန်ပညာရေးတက္ကသိုလ်
၃။ Shandong University of Science and Technology, China
၄။ Second Institute of Oceanography, Ministry of Natural Resources, Hangzhou
၅။ Guangzhou Marine Geological Survey
၆။ As TEN (ASEAN Teacher Education Network)
၇။ SEAMEO TED (Southeast Asian Ministers of Education Organization, Technical Development) တို့ ဖြစ်ကြပါသည်။

ထို့ပြင်မက နိုင်ငံတကာ တက္ကသိုလ်နှင့် အဖွဲ့အစည်း (၃၈)ခုတို့၏ ပူးပေါင်းပါဝင် ကူညီမှုကိုလည်း မှတ်တမ်းတင်အပ်ပါသည်။ ယင်းတို့မှာ ဘင်္ဂလားဒေ့ရှ်၊ ကမ္ဘောဒီးယား၊ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ကိုရီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ရုရှား၊ ထိုင်း၊ ဗီယက်နမ်နှင့် ပြည်တွင်းရှိ ဝန်ကြီးဌာန အသီးသီးက ပူးပေါင်းပါဝင်ခဲ့ကြပါသည်။

ညီလာခံကြီးတွင် ဘာသာရပ်နယ်ပယ် (၆)ခု သတ်မှတ်ထားရာ ယင်းတို့မှာ ဆရာအတတ်ပညာ (Teacher Education)၊ ဝိဇ္ဇာသိပ္ပံပညာရပ်များ၊ သမုဒ္ဒရာနှင့် မြေကမ္ဘာသိပ္ပံ၊ MSME and TVET၊ NLP and AI Technology နှင့် Young Scientist ဟူ၍ ဖြစ်ကြပေသည်။ အဆိုပါ ဘာသာရပ် (၆)ရပ်အတွက် ဆွေးနွေးခန်း (၇)ခန်းခွဲ၍ ကျင်းပနိုင်ခဲ့ပါသည်။

စာရေးသူအနေဖြင့် သမုဒ္ဒရာနှင့် မြေကမ္ဘာသိပ္ပံပညာကဏ္ဍအတွက် ကျင်းပသော အခန်း(၃)သို့ တက်ရောက်ပြီး စာတမ်းဖတ်ပွဲ၏ သဘာပတိအဖြစ် အင်ဒိုနီးရှားမှ ပညာရှင် Dr. Mega Fatimah Rosana နှင့် တွဲဖက်တာဝန်ယူပေးခဲ့ပါသည်။ စာတမ်းဖတ်ပွဲကို(၁၀-၁-၂၀၂၅)ရက် နံနက် ၈ နာရီတွင် စတင်ခဲ့ပြီး ပြည်တွင်း၊ ပြည်ပ စာတမ်းရှင် ၁၉ ဦးက ဖတ်ကြားဆွေးနွေးခဲ့ကြပါသည်။ ထို့အတူ အခန်း(၁၊ ၂၊ ၄၊ ၅၊ ၆၊၇)တို့တွင် တစ်ပြိုင်နက် ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပနှင့် ပြည်တွင်းတက္ကသိုလ်များက လူငယ်ပညာရှင်လေးများကလည်း သက် ဆိုင်ရာ ဘာသာရပ် နယ်ပယ်အလိုက် ဖတ်ကြားတင်သွင်းကြပါသည်။




ဤညီလာခံကြီးမှ အတွေ့အကြုံများ ဆွေးနွေးမှုရလဒ်များ၊ နည်းပညာဖလှယ်မှုများသည် အမိပြည်မြန်မာ၏ ပညာရေးအဆင့် တိုးတက်မြင့်မားလာရေးအတွက် ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ပညာရေးကဏ္ဍများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်ခွင့်၊ အသိပညာများ နှီးနှောဖလှယ်ခွင့်များ ရရှိခဲ့ပါသည်။ သို့ပါ၍ ဤလုပ်ဆောင်မှုများသည် စွမ်းဆောင်ရည်မြင့်မားသော မျိုးဆက်သစ်ပညာရှင်များ ပေါ်ထွန်းလာပြီး၊ မိမိတို့နိုင်ငံ မိမိတို့၏ အဖွဲ့အစည်း အသီးသီး၏ အဓိပ္ပာယ် ပြည့်ဝသော လုပ်ဆောင်မှုများကို ပေးစွမ်းနိုင်မည်ဖြစ်ပေသည်။

"ထွန်းလင်းတောက်ပ ကြွယ်ဝချမ်းသာ ရောင်ခြည်ဖြာသည့် ပညာရပ်များ၊ သိပ္ပံနှင့် နည်းပညာများနှင့်အတူ ရွှေရောင်အနာဂတ်ဆီသို့ ချီတက်ကြပါစို့ ....."



## အခြေခံဆိုလာနည်းပညာနှင့်တပ်ဆင်ခြင်းသင်တန်း ဖွင့်ပွဲနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းသင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ(MSME)ဖွံ့ဖြိုးတိုးတက်ရေး၏ကျွမ်းကျင်လုပ်သားလိုအပ်မှုကို ဖြည့်ဆည်းနိုင်ရန်အတွက် အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်းဖွင့်ပွဲနှင့် အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်းသင်တန်းဆင်းပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ စက်မှုဇုန်(၂)၊ ၁၃၉လမ်း၊ ကနောင်မင်းသားကြီးလမ်းနှင့်၄၈လမ်း ထောင့်ရှိ စက်မှုကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်စိုးနိုင်နှင့် စက်မှုကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီးတို့က အမှာစကားပြောကြားပြီး အိမ်တွင်းလျှပ်စစ်သွယ်တန်း တပ်ဆင်ခြင်း သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြသည်။ (ခဲပုံ)

အခြေခံဆိုလာနည်းပညာနှင့် တပ်ဆင်ခြင်းသင်တန်းသို့ လျှပ်စစ်အခြေခံရှိသူနှင့် ပညာအရည်အချင်းအထက်တန်းအဆင့်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြပြီး ဇန်နဝါရီ ၁၃ ရက်မှ ၂၂ ရက်အထိ အခမဲ့စာတွေ့လက်တွေ့သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။(၀၄၅)



## လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (၁/၂၀၂၅)အခြေခံသင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

**တောင်တွင်းကြီး ဇန်နဝါရီ ၁၄**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ်တွင် လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (၁/၂၀၂၅)အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၇၁)စက်မှုလယ်ယာစခန်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးကျော်ဇင်ဦးက နိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရန်အတွက် စက်မှုလယ်ယာစနစ်ကူးပြောင်းရေးကို ဆောင်ရွက်လျက်ရှိရာ လယ်ယာလုပ်ငန်းခွင်တွင် လုပ်ကိုင်ဆောင်ရွက်နေသော တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများကို ကျွမ်းကျင်စွာ ကိုင်တွယ်သုံးစွဲတတ်စေရန်နှင့် ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေရန် ရည်ရွယ်၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပြီး စက်မှုလယ်ယာဦးစီးဌာန၊ အမှတ်(၇၁) စက်မှုလယ်ယာစခန်းမှ ဦးစီးအရာရှိဦးတိုးမြင့်ပိုင်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းတွင် သင်ကြားပို့ချမည့် ဘာသာရပ်များနှင့်ပတ်သတ်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါ လယ်ယာသုံး စက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု သင်တန်း(အခြေခံ)သင်တန်းကို ဇန်နဝါရီ ၁၃ ရက်မှစတင်၍ ဇန်နဝါရီ ၂၄ ရက်ထိ ရက်သတ္တပတ်(၂)ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသားများ တက်ရောက်ခဲ့သည်။

(အပေါ်ပုံ)

နောင်နောင်(ဗိဿနိုးမြေ)

## ကျိုင်းဖောင်းရေပူစမ်း၌ ဆောင်းရာသီကာလ လာရောက်အပန်းဖြေ လည်ပတ်သူများဖြင့် စည်ကား

**ကျိုင်းတုံ ဇန်နဝါရီ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့၊ ကျိုင်းဖောင်းရေပူစမ်း၊ မြွေရည်ရေပူအပန်းဖြေစခန်းသို့ ဆောင်းရာသီကာလအတွင်း လာရောက်အပန်းဖြေ လည်ပတ်သူများ စည်ကားလျက်ရှိသည်။

အဆိုပါအပန်းဖြေစခန်းသည် ကျိုင်းတုံ-တောင်ကြီးကားလမ်းမကြီးဘေး ကျိုင်းဖောင်းချောင်းအနီး၌ တည်ရှိပြီး သဘာဝအလျောက်တည်ရှိသော ရေပူစမ်းတစ်ခုဖြစ်ပြီး တာဝန်ရှိသူများနှင့်ဒေသခံပြည်သူများက အများပြည်သူများ လာရောက်အပန်းဖြေနိုင်စေရန် ရေချိုးခန်းများ ဆောင်ရွက်ထားရှိပြီး ယခုဆောင်းရာသီကာလ အဆိုပါရေပူစမ်းတွင် ဒေသထွက် အစားအစာများရောင်းချခြင်း၊ သဘာဝရေပူစမ်းဖြင့် ကြက်ဥ၊ ငုံးဥ၊ ပြောင်းဖူးများ ပြုတ်စားခြင်းနှင့် ရေပူစမ်းကွင်းပြင်ရှိ မြက်ခင်းပြင်တွင် ပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်အပန်းဖြေ လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)



## ဆောင်းနေကြာစိုက်ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ရမည်းသင်း ဇန်နဝါရီ ၁၄**

ယခုဘဏ္ဍာနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း ရမည်းသင်းမြို့နယ်၌ ဆောင်းနေကြာစိုက်ဧက ၂၇၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ (အပေါ်ပုံ)

အဆိုပါ ဆောင်းနေကြာစိုက်ဧကများကို ရမည်းသင်းမြို့နယ်ရှိ တောင်သူများမှ စက်တင်ဘာလနောက်ဆုံးပတ်မှစ၍ လျာထားစိုက်ဧက ၂၃၇၁၉ဧကကို စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်ထိ ဆောင်းနေကြာစိုက်ပျိုးပြီးဧကသည် ၂၇၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီဖြစ်ကြောင်း၊ စိုက်ပျိုးနေသည့် နေကြာမျိုးများသည် ဆင်းရွှေကြာ(၂)နှင့် ရေဆင်းစပ်မျိုး(၁)နေကြာနှစ်မျိုးကို အဓိကထားစိုက်ပျိုးနေသည်။

"ပြည်တွင်းဆီစားသုံးမှုမှာ သန့်ရှင်းပြီး ကျန်းမာရေးနဲ့ညီတဲ့ စားသုံးသူတွေအတွက် ဘေးအန္တရာယ်ကင်းရှင်းတဲ့ ဆီစားသုံးနိုင်ဖို့ပါ။ ဈေးကွက်ထဲမှာလည်း ဈေးနှုန်းမတည်ငြိမ်ဖြစ်တာကြောင့် စားသုံးဆီဈေးကွက်မှာလည်း နေကြာစိုက်ပျိုးပြီးတော့မှ ဆီဈေးကွက်ကို တည်ငြိမ်အောင်ပါ။ ဆီတွေကို ပြည်ပကသွင်းရတဲ့အခါ သွင်းကုန်အစားထိုးအနေနဲ့ ပြည်တွင်းမှာလည်း စိုက်ပျိုးထုတ်လုပ်ပြီးတော့ ထွက်ရှိလာတဲ့ဆီကို ဘေးအန္တရာယ်ကင်းရှင်းစွာ စားသုံးနိုင်အောင် ဆီဈေးကွက်အတွင်း လိုအပ်နေတဲ့ ဆီတွေကို ဖြည့်တင်းနိုင်ဖို့ပါ။ ပြည်ပက တင်သွင်းနေတာကို ပြည်တွင်းမှာ စိုက်ပျိုးပြီးတော့မှ ထုတ်လုပ်နိုင်ဖို့ရည်ရွယ်တာပါ" ဟု ၎င်းက ရှင်းပြသည်။

အဆိုပါမြို့နယ်တွင် ဆောင်းရာသီ၌ ဆောင်းနေကြာစိုက်ဧက ၂၃၇၁၉ကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ စိုက်ပျိုးကြရာတွင် တောင်သူများမှ သီးသန့်စိုက်ပျိုးခြင်းများရှိသကဲ့သို့ ကုလားပဲသီးနှံနှင့်လည်းညှပ်ပြီး စိုက်ပျိုးခြင်းများ ရှိကြောင်း၊ ဆောင်းနေကြာစိုက်ပျိုးမှုသည် ယခုဘဏ္ဍာနှစ်တွင် လျာထားချက်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၀၇၃)

## မြန်မာကြက်ဟင်းခါး စိုက်ပျိုးခြင်းဖြင့် မိသားစုများအဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဇန်နဝါရီ ၁၄**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်တွင် ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးကြပြီး မြေလွတ်နေရာများတွင် စားဖိုဆောင်စရိတ်သက်သာစေရန် မြန်မာကြက်ဟင်းခါးစိုက်ပျိုးခြင်းဖြင့် မိသားစုများ အဆင်ပြေလျက်ရှိသည်။

ကြက်ဟင်းခါးသီးနှံစိုက်ပျိုးရန် နေရောင်ခြည်ရရှိသည့်နေရာအား ရွေးချယ်ပြီး စိုက်ပျိုးမြေနေရာအား သဘာဝမြေဆွေးများဖြင့် စိတ်ကြိုက်မြေပြုပြင်ပြီး တိုင်ထောင်၍ တိုင်ခြေနှင့် တစ်ထွာခန့်အကွာ မျိုးစေ့တိုက်ရိုက်ချစိုက်ပျိုးကြောင်း၊ မြေနေရာကျဉ်းသည့်အတွက် စိုက်ကျင်းတစ်ကျင်းတွင် မျိုးစေ့နှစ်စေ့နှုန်းဖြင့် အပင်ဖြစ်ထွန်းစေရန်အတွက် (၅)ပေအကွာ စိုက်ပျိုးကြောင်း၊ အပင်ဖြစ်ထွန်းမှုကောင်းမွန်စေရန်အတွက် အပင်အနေအထားအပေါ်မူတည်၍ စိုက်ပျိုးပြီး (၁၅)ရက်တွင် အပင်ခြေနေရာများတွင် အာမိုမြေသြဇာဟင်းစားဇွန်း တစ်ဇွန်းခန့်ဖြူးပေးကာ မြေအစိုဓာတ်ရအောင်ရေလောင်းပေးကြောင်း၊ တစ်လခန့်အကြာတွင် အပွင့်များ စတင်ပွင့်ပြီး တစ်လခွဲအချိန်တွင် အသီးများ စတင်ခူးခွတ်ရောင်းနိုင်သည်။

မြန်မာကြက်ဟင်းခါးမျိုးသည် ရှားပါးသည့် စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်ကြောင်းနှင့် မိမိတို့နေအိမ်ခြံဝန်းမြေလွတ်နေရာများတွင် စိုက်ပျိုးထားခြင်းဖြင့် စားသုံးချိန်တွင် လတ်လတ်ဆတ်ဆတ် ခူးဆွတ်ချက်ပြုတ်နိုင်ပြီး သဘာဝမြေဆွေးမြေသြဇာသုံးစွဲသည့်အတွက် ဓာတုဓာတ်ကြွင်းအန္တရာယ်လည်း ကင်းဝေးကာ ကျန်းမာရေးနှင့်ညီညွတ်ပြီး စိုက်ပျိုးကြရန် မြန်မာကြက်ဟင်းခါးမျိုး တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသည့် မယ်ဇယ်ပင်ကျေးရွာမှ ဒေါ်သိမ့်သိမ့်မျိုးက ပြောပြသည်။

(အောက်ပုံ)

(၄၈၅)



## ပျောက်ဆုံးကြောင်း

မောင်ပိုင်ထက်အောင်(ဘ)ဦးမောင်အိုက် နိုင်ငံသားစိစစ်ရေးကတ်အမှတ်(၁/မခန(နိုင်)၀၅၀၄၆၉) ကိုင်ဆောင်သူ၏ Pass Port No မမှတ်မိသည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

မောင်ပိုင်ထက်အောင်

ဖုန်း ၀၉-၂၀၃၈၃၈၂၊ ၀၉-၇၉၇၁၄၉၁၁

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၂၁)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြားရှိ ဦးကြည်မောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှိုင်မျိုးဝင်းက တရားပြိုင် ဦးကြည်မောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၄၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှိုင်မျိုးဝင်း(၉/မလန(နိုင်)၀၉၉၀၅၃) တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၂၃)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြားရှိ ဦးသန်းမောင် အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှိုင်မျိုးဝင်းက တရားပြိုင် ဦးသန်းမောင်အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃၈/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှိုင်မျိုးဝင်း(၉/မလန(နိုင်)၀၉၉၀၅၃)က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက် အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ်(ဝ-၈)၊ ဦးပိုင်အမှတ်(၂၆)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ ၁၁၄လမ်းနှင့် ၁၁၅လမ်းကြားရှိ ဒေါ်အေးကြည် အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဒေါ်နိုင်သူတင့်၊ ဒေါ်ခင်သီတာတင်ဦးတို့က တရားပြိုင် ဒေါ်အေးကြည်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၂၁/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်နိုင်သူတင့်(၉/မဟမ(နိုင်)၀၀၂၆၁၂)၊ ဒေါ်ခင်သီတာတင်ဦး(၉/မမန(နိုင်)၀၇၉၀၀၀)တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၁၉)၊ ဦးပိုင်အမှတ်(၉)၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊ ဇော်ဂျီလမ်းနှင့် ကုသိုလ်တော်လမ်းကြားရှိ မြေကွက်အား တောဂရန် အမှုတွဲအမှတ်(၂၁၈၆/၉၀-၉၁)အရ ဦးစောမောင် မှတ်ပုံတင်အမှတ် AE-၂၄၇၆၃၈ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြုမှတ်သားပေးပါရန်။ ဦးမြင့်နိုင် မှတ်ပုံတင်အမှတ်(၉/မရတ(နိုင်)၁၃၁၆၇၄)မှ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၁၀)၊ ဦးပိုင်အမှတ်(၄)၊ ၆၂လမ်းနှင့် ၆၃လမ်းကြား၊ ၁၂၄လမ်းနှင့် ၁၂၅လမ်းကြားရှိ ဦးစိုး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးလှိုင်မျိုးဝင်းက တရားပြိုင် ဦးစိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ် စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၃၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးလှိုင်မျိုးဝင်း(၉/မလန(နိုင်)၀၉၉၀၅၃)က တောဂရန်၊ တရားရုံးအမိန့်တို့ တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ-၈)၊ ဦးပိုင်အမှတ်(၄)၊ ၆၄လမ်းနှင့် ၆၅လမ်းကြား၊ ၁၁၈လမ်းနှင့် ၁၁၉လမ်းကြားရှိ ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်း အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးမောင်ဖေက တရားပြိုင် ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်းတို့အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၂၁၉/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးမောင်ဖေ(၈/ဂဂန(နိုင်)၀၄၁၁၈၉)က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူး ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ်(အ-၂၂)၊ ဦးပိုင်အမှတ်(၁၄)၊ ၆၇လမ်းနှင့် ၆၈လမ်းကြား၊ မင်းကြီးရန်နောင်နှင့် မင်္ဂလာလမ်းကြားရှိ ဒေါ်နန်းမော်မော်ထွေး အမည်ပေါက် ဂရန်မြေကွက်အား တရားလို ဦးအိုက်ဆန်က တရားပြိုင် ဒေါ်နန်းမော်မော်ထွေး(၄င်း၏SPရရှိသူ)ဦးအောင်ကိုလတ်အပေါ် မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၂၂၀/၂၀၂၄)ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဦးအိုက်ဆန်(၁၃/သပန (နိုင်)၀၂၃၃၀၇) ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးကျော်စိုးလွင်(ခ)အီမရန် | (၁၃/သပန(နိုင်)၀၅၁၂၉၆) | အောင်မြေသာစံ | မေယဂီရိ | ၁၄၂ | ၇၅-က | RC-၄ ထပ် |
| ၂။ | ဒေါ်ဇင်ဇင်ကိုလေး | (၉/အမဇ(နိုင်)၀၁၅၂၉၉) | အောင်မြေသာစံ | ဒေါနဘွား | ၄၄ | ၂၉ | RC-၄ ထပ် |
| ၃။ | ဒေါ်ဝေလှိုင်ဖြိုး | (၉/အမဇ(နိုင်)၀၁၇၄၆၉) | အောင်မြေသာစံ | ဒေါနဘွား | ၈ | ၄၂-က | RC-၃ ထပ် |
| ၄။ | ဦးစန်းမောင် ပါ-၂ | (၉/မနမ(နိုင်)၀၂၉၂၂၈) | အောင်မြေသာစံ | အမရဌာနီအနောက် | ၅၀ | ၉၃ | RC-၃ ထပ် |
| ၅။ | ဒေါ်မိမိထွန်း ပါ-၇ | (၉/မနမ(နိုင်)၀၄၉၉၉၇) | အောင်မြေသာစံ | အောင်မြေသာစံ | ၁၂၆ | ၂၃-ခဲစင်း | RC-၂ ထပ် |
| ၆။ | ဒေါ်နုနုရီ ပါ-၇ | (၉/မနမ(နိုင်)၀၄၉၉၉၂) | အောင်မြေသာစံ | အောင်မြေသာစံ | ၁၂၆ | ၂၃-ခဲစင်း | RC-၂ ထပ် |
| ၇။ | ဦးအောင်ဇော်မင်းမြင့် | (၈/ပမန(နိုင်)၀၇၅၉၃၉) | အောင်မြေသာစံ | ဒေါနဘွား | ၆ | ၁-ခဲစင်း | RC-၂ထပ်ပေါ် RC-၁ထပ်တိုး |
| ၈။ | ဦးခင်မောင်ချစ် | (၉/မရတ(နိုင်)၁၀၄၇၅၂) | မဟာအောင်မြေ | မဟာမြိုင်-၁ | အပိုင်း-၁ | ၅၄-၁+၅၄-င | မြေ+ RC-၆ ထပ် |
| ၉။ | ဦးစိုးနိုင် | (၉/မရတ(နိုင်)၁၂၁၀၉၄) | မဟာအောင်မြေ | စကြံ့နွယ်စဉ် | ၆၇၆ | ၃၄-က-ခဲစင်း | RC-၃ ထပ် |
| ၁၀။ | ဦးစိုင်းဝင်းညွှန့် ပါ-၂ | (၁၃/သနန(နိုင်)၀၀၃၂၂၂) | မဟာအောင်မြေ | မဟာနွယ်စဉ် | ၄၁၃-က/ အပိုင်း-၂ | ၆၉ | RC-၄ ထပ် |
| ၁၁။ | ဒေါ်ဝမ်ပိန်ကျမ်း | (၁၃/တကန(နိုင်)၀၀၀၄၁၇) | မဟာအောင်မြေ | ရဲမွန်တောင် | မ-၅၄ | ၁-က+၁-ခ | SS-၂ ထပ်+၂ လုံး |
| ၁၂။ | ဒေါ်ခေါင်နော | (၁/မကန(နိုင်)၀၁၀၃၉၁) | ပြည်ကြီးတံခွန် | (ဈ)ရပ်ကွက် | H | ၂၇ | SS-(၄)ပုံစံပြောင်း |
| ၁၃။ | ဦးစိုးလင်း | (၉/ခအဇ(နိုင်)၀၁၃၈၆၂) | ပြည်ကြီးတံခွန် | (ဓ)ရပ်ကွက် | နန-၁၆ | ၅၃-ခဲစင်း | RC-၃ ထပ် |
| ၁၄။ | ဒေါ်ကြေးမုံမြင့် | (၉/မနတ(နိုင်)၀၀၈၆၂၆) | ပြည်ကြီးတံခွန် | (ယ)ရပ်ကွက် | သ-၁၃ | ၁၇၄-ခဲစင်း | RC-၂ ထပ် |
| ၁၅။ | ဒေါ်တင်နီလာဆင့် | (၉/ကပတ(နိုင်)၁၈၇၆၈၁) | ပြည်ကြီးတံခွန် | (ည)ရပ်ကွက် | လလ-၂၅ | ၇ | SS-၂ ထပ် |
| ၁၆။ | ဒေါ်ရွှေကြူ | (၉/မရမ(နိုင်)၀၇၈၁၈၀) | ပြည်ကြီးတံခွန် | (ည)ရပ်ကွက် | လလ-၄၉ | ၉+၁၀ | SS-၁ ထပ် |
| ၁၇။ | ဒေါ် LEE LEE | (၁၃/မငန(ပြု)၀၀၀၀၇၀) | ပြည်ကြီးတံခွန် | (စ)ရပ်ကွက် | တတ-၄၉ | ၆၆-က | RC-၃ ထပ် |
| ၁၈။ | ဒေါ် YIN LEE | (၁၃/မငန(ပြု)၀၀၀၁၅၇) | ပြည်ကြီးတံခွန် | (စ)ရပ်ကွက် | တတ-၄၉ | ၆၆-ခ | RC-၃ ထပ် |
| ၁၉။ | ဦးအောင်နိုင်ထွန်း | (၁၃/နခတ(နိုင်)၁၁၅၁၁၇) | ပြည်ကြီးတံခွန် | ငွေတော်ကျီကုန်း | အ-၂၁ | ၃၁-က | RC-၃ ထပ် |
| ၂၀။ | ဦးကံစိန် | (၅/ငဇန(နိုင်)၀၄၈၀၃၁) | ပြည်ကြီးတံခွန် | (စ)ရပ်ကွက် | တတ-၄၂ | ၆၃-ခဲစင်း | RC-၃ ထပ် |
| ၂၁။ | ဒေါ်ခင်ချစ်ချစ်ကျော် | (၉/ခအဇ(နိုင်)၀၃၄၄၅၅) | ပြည်ကြီးတံခွန် | (ဓ)ရပ်ကွက် | သ-၈ | ၆၃-က | RC-၃ ထပ် |
| ၂၂။ | ဦးသံတုတ် | (၉/မရမ(နိုင်)၀၆၃၅၀၃) | ပြည်ကြီးတံခွန် | (က)ရပ်ကွက် | ယ-၃ | ၅၉-ခဲစင်း | RC-၃ ထပ် |
| ၂၃။ | ဒေါ်မျိုးမျိုးမြတ် | (၉/မနမ(နိုင်)၁၂၂၇၇၃) | ပြည်ကြီးတံခွန် | (ဈ)ရပ်ကွက် | ပပ-၅၅ | ၆ | RC-၂ ထပ် |
| ၂၄။ | ဦးကျော်ထွေး ပါ-၂ | (၉/မရမ(နိုင်)၀၀၄၀၀၉) | ပြည်ကြီးတံခွန် | (င)ရပ်ကွက် | ညည-၁ | ၁၈ | RC-၆ ထပ် |
| ၂၅။ | ဒေါ်ကြူကြူငွေ | (၅/ဝမန(နိုင်)၀၅၀၉၅၆) | ချမ်းမြသာစည် | မြို့သစ်-၅ | က-၃ | ၇၆-ခဲစင်း | RC-၄ ထပ် |
| ၂၆။ | ဒေါ်ဇင်မာဦး | (၅/ကဘလ(နိုင်)၁၂၈၃၂၉) | ချမ်းမြသာစည် | မြရည်နန္ဒာ | မမ-၆ | ၆၁-ခဲစင်း | RC-၃ ထပ် |
| ၂၇။ | ဦးနေသူရိန် | (၅/မရန(နိုင်)၁၂၆၆၆၆) | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၄၇ | ၁-ဗ | RC-၃ ထပ် |
| ၂၈။ | ဒေါ်အောင်ပေ | (၅/ဟမလ(နိုင်)၀၀၃၃၆၅) | ချမ်းအေးသာစံ | မောရဂီဝါ | ၇၀၈ | ၁၃+၁၄ | RC-၄ ပေါ် ၂ ထပ်တိုး |
| ၂၉။ | ဦးတင်မြ ပါ-၂ | (၅/ဝသန(နိုင်)၀၁၇၂၂၉) | ချမ်းအေးသာစံ | မောရဂီဝါ | ၇၁၀ | ၂၅ | RC-၃ ထပ် |
| ၃၀။ | ဦးမောင်ဖန်(ခ)စိုးဝင်း ပါ-၂ | (၁၃/ကမန(နိုင်)၀၂၃၂၃၉) | ချမ်းအေးသာစံ | ပတ်ကုန်းဝန်းကျင် | ၇၃၀ | ၃ ည+၃ ဋ | SS-၂ ထပ် |
| ၃၁။ | ဒေါ်ခိုင်ခိုင်ကျော် | (၉/မရမ(နိုင်)၀၃၂၅၁၀) | ချမ်းအေးသာစံ | ပတ်ကုန်းပျော်ဘွယ် | ၇၆၀ | ၁၆-က | SS-၁ ထပ် |
| ၃၂။ | ဒေါ်ပေညီစိမ့် | (၉/လဝန(နိုင်)၁၆၄၉၆၀) | ချမ်းအေးသာစံ | ရန်မျိုးလုံ | ၇၄၉ | ၃၀-ခ | RC-၂ ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရတနာပုံရပ်ကွက်၊ အကွက်အမှတ်(၁၁-၂၆)တွင်တည်ရှိသော ဦးပိုင်အမှတ်(၅၃)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဒေါ်စုမြတ်သိန်း(၅/စကန(နိုင်)၂၂၂၅၁၃)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးလှမိုး(ဥပဒေဘွဲ့)** **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(ခ-၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၇၀၀၀၇၊ ၀၉-၇၉၂၀၇၀၀၀၇၊ ၀၉-၄၃၂၅၀၀၀၀**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၈ဓ-၁၀) ၊ ဦးပိုင်အမှတ်(၉၅)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ တပ်ကြပ်ဝင်းလှိုင် အမည်ပေါက်ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း (၂၀×၆၀)ပေ အကျယ်အဝန်းနှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်တစ်ထပ်၊ အဝီစိတွင်း၊ မီးမီတာအပါအဝင် ဝင်းခြံအကာ အရံနှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကတိစာချုပ်ဖြင့်လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားသူ ၁။ ဦးကော်ရှောက်ရှန်း(ဘ)ဦးကော်ခင်ဂျူး(၁၃/တမည(နိုင်)၀၁၁၄၆၃)၊ ၂။ဒေါ်ကျွန်ပိဖိန်း(ဘ)ဦးကျွန်ဝမ်းချမ်း(၁၃/တမည(နိုင်)၀၀၂၄၁၀)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါမြေကွက် ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးကျော်ကျော်သိန်း (LL,B)(DL.101 IP LAW)**
**တရားလွှတ်တော်ရှေ့နေ**

**(ဃ၃/၅၈)၊ ၆၃အေလမ်း၊ မြို့သစ်(၄)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း–၀၉၅၁၁၄၇၇၈**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(ထထ-၃၄)၊ ဦးပိုင်နံပါတ်(၆၂)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဒေါ်စိန်လှိုင် အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ မြောက်ဘက်ခြမ်း(၃၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်နုနုကြည်(ဘ)ဦးခင်မောင်(၉/မနတ(နိုင်)၀၈၃၆၅၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူဇာဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း– ၂၅၉၀၄၅၄၈၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိုကုန်း၊ ရဲဘော်ကွက်သစ်ရပ်ကွက်၊ ဦးပိုင်အမှတ်(၈၅/က/၃)အတွင်းမှ (၂၀×၄၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်ပြီး ပြန်လည်လွှဲရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးစိုင်းအောင်(ဘ) ဦးအိုက်လော့်(၁၃/နဆန(နိုင်)၀၆၀၂၂၂)မှ ကျွန်ုပ်၏မိတ်ဆွေထံသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် သဘောတူညီပြီးဖြစ်ပါ၍ စရန်ငွေများ ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ၊ သက်ဆိုင်ရာရုံးဌာနအသီးသီး၌ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက တရားဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးသီတာအောင် (LL.M)**
**တရားလွှတ်တော်ရှေ့နေ**

**အိမ်အမှတ်(၁၁၀-ဃ)၊ ရဲဘော်ကွက်သစ်ရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၉၇၂၇၇၈၆၂၃၊ ၀၉-၇၉၈၆၉၉၅၄၄**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ်(တတ-၅)၊ ဦးပိုင်နံပါတ်(၇၇-က)ဟု ခေါ်တွင်သော ဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်စိန်စိန်ရီ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစိုးနိုင်(ဘ)ဦးပြေအေး(၉/မနတ(နိုင်)၀၀၂၉၂၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** **ဒေါ်အိအိမွန်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဦးကြည်ယံ(LL.B)** **ဦးစည်သူအောင်(LL.B)** **ဒေါ်သဲမိုမိုထွန်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၁၀)၊ ဦးပိုင်နံပါတ်(၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၃၁)ဧက အကျယ်အဝန်းရှိ ဦးခင်မောင်အေး အမည်ပေါက် ဂရန်မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက် ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစန်းလွင်ဦး(ဘ)ဦးသန်းဝင်း(၉/မရမ(နိုင်)၀၈၀၁၇၆)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက် အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးတင်အောင်မိုး(LL.B,LL.M)** **ဒေါ်အိအိမွန်(LL.B,LL.M)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ယုသစင်အောင်(LL.M)** **ဒေါ်အေးနန္ဒာထွန်း(LL.B)** **ဒေါ်မာလာစိုး(LL.B)** **ဒေါ်ဖူးသန့်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ** **တရားလွှတ်တော်ရှေ့နေ** **အထက်တန်းရှေ့နေ** **အထက်တန်းရှေ့နေ**

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့် ၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ အမရပူရခရိုင်၊ အမရပူရမြို့နယ်၊ တောင်သမန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၉၂)၊ ဦးပိုင်အမှတ်(၉၈/၂)ရွာမြေ အမျိုးအစား၊ အရှေ့အနောက်(၂၁၆)ပေ၊ မျက်နှာပွင့်တောင်မြောက်(၅၃)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံ၊ ရေ(ဆက်လက်သုံးစွဲခွင့်) ပေါက်ရောက်သစ်ပင်၊ ဝင်းခြံအကာအရံအပါအဝင် မြေပေါ်-မြေအောက်နေထိုင်ပိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို (၂၄-၁၀-၂၀၁၅)ရက်စွဲပါ ငွေအပြေအကျေပေး ကတိစာချုပ်အရလည်းကောင်း၊ (၂၀-၁၀-၂၀၁၅)ရက်စွဲပါ အမရပူရမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနမှူးရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၈၈၃/၂၀၁၅)အရ မိမိမှ တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်လျက်ရှိသည်ဟုအဆိုပြုသူ ဒေါ်ဇာခြည်သိမ့်(ဘ)ဦးမောင်မောင်ကြည်(၉/မရတ(နိုင်)၁၁၅၅၈၁)ကိုင်ဆောင်သူနှင့် ကျွန်ုပ်၏မိတ်ဆွေတို့သည် အရောင်းအဝယ်ပြုလုပ်ရန် သဘောတူညီကြသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ရောင်းကြေးတန်ဖိုးငွေအတွက် ကြိုတင်စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဤအရောင်းအဝယ်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများသည် ဤကြေညာပါသည့်နေ့မှ (၇)ရက်စေ့ရောက်သောနေ့အချိန်ကာလအထိ သက်ဆိုင်ရာပိုင်ဆိုင်ခွင့်အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် တင်ပြ၍ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ အကယ်၍ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဦးစိန်လှ(ဘ)ဦးကျော်မောင်**
**(၉/မရတ(နိုင်)၀၄၈၃၀၃)**

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်လင်း (LL.B)(D.B.L)(D.I.L)**
**(တရားလွှတ်တော်ရှေ့နေ)**
**ဒေါ်ခင်မာဝင်း (LL.B,D.B.L,D.I.L)**
**(တရားလွှတ်တော်ရှေ့နေ)**

**အကွက်(၆၉၇)၊ မဟာနွယ်စဉ်ရပ်၊ မဟာအောင်မြေမြို့နယ်၊မန္တလေးမြို့။ ဖုန်း ၀၉-၉၅၆၄၁၅၉၄၂၊ ၀၉-၇၅၂၄၀၆၁၄၁**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေး၊ အမရပူရမြို့နယ်၊ ဥယျာဉ်တော်ကျေးရွာအုပ်စု၊ အရှေ့သာယာကုန်းကျေးရွာနေ ဦးဝင်းနိုင်+ဒေါ်မာမာအေးတို့၏သား မောင်ထက်အောင်ဖြိုးသည် မိဘများ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်နေပါသဖြင့် ၎င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဦးဝင်းနိုင်(၉/အမရ(နိုင်)၀၄၀၃၄၉)**
**ဒေါ်မာမာအေး**

## ကန့်ကွက်နိုင်ပါသည်

မန္တလေး မဟာအောင်မြေခရိုင်၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၄)ရပ်ကွက်၊ အကွက်အမှတ်(ဃ-၁)၊ ဦးပိုင်အမှတ်(၇)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဂရန်မြေ၊ မြေပေါ်ရှိ အာရ်စီ(၃)ထပ်အဆောက်အအုံအပါအဝင် ရေမီတာ၊ လျှပ်စစ်မီတာ၊ ဝင်းခြံအကာအရံတို့နှင့်တကွ ဆက်လက်နေထိုင် အသုံးချပိုင်ခွင့်ရှိသူ ဒေါ်ပြုံးကြည်(ခ)ဒေါ်ပြုံးကျင်(ဘ)ဦးကျက်စိန်(၁/မကန(နိုင်)၀၈၅၀၉၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။

အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ စာဖြင့် ရေးသားကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**

**ဒေါ်ယဉ်သူ**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၅၇၉၈)**

**အမှတ်၃၇၄၊ ၈၃လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ ဂွန္တန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။**

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့်နည်းစနစ်များ လိုအပ် ...

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သဘာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များ အနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၁၄

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ (ယာပုံ)

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ကော့သောင်းမြို့ Victoria Cliff ဟိုတယ်၌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး Ms. Ma Jia နှင့် တွေ့ဆုံပြီး မြန်မာ-တရုတ် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နေမှု၊ လန်ချန်း-မဲခေါင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းများ၊ လန်ချန်း-မဲခေါင်စီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်လုပ်ငန်းများကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ ကျင်းပပြုလုပ်သည့် မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)ဖြင့် ဆောင်ရွက်သည့် ကံမော်ကြီးကျေးရွာနှင့် ရေင်ကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ်နှင့် ရေပေးဝေရေးလုပ်ငန်း စီမံကိန်းပြီးမြောက်အောင်မြင်ခြင်း အခမ်းအနားသို့ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကံမော်ကြီးကျေးရွာနှင့် ရေင်ကြီးကျေးရွာ ဆိုလာအသေးစားဓာတ်အားပေးစနစ် စီမံကိန်းလုပ်ငန်းနှစ်ခုသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၂)၊ ပြည်ထောင်စုရန်ပုံငွေ၊ သက်ဆိုင်ရာကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ အချိုးကျပူးပေါင်းထည့်ဝင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး အစိုးရ-ပြည်သူ-ပုဂ္ဂလိက သုံးပွင့်ဆိုင်လက်တွဲညီညီဆောင်ရွက်မှု စံနမူနာပြ စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်းမှ ဆိုလာအသေးစားဓာတ်အားပေးစနစ်ဖြင့် ရေပေးဝေရေးလုပ်ငန်းများကို ဆောင်ရွက်ထားရှိသည့်အတွက် ကျေးရွာ နှစ်ရွာရှိ အိမ်ခြေ ၅၄၀ ခန့်၊ လူဦးရေ ၂၇၀၀ တို့၏ လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးများ တိုးတက်လာမည့်အပြင် အသေးစားစက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးက တရုတ်-မြန်မာနှစ်နိုင်ငံ မဲခေါင်-လန်ချန်း စီမံကိန်းပူးပေါင်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ Mega Global Green Automation ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာက စီမံကိန်းဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားကြပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။




အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးတို့သည် စီမံကိန်းဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးသည် ကော့သောင်းမြို့နယ်အတွင်းရှိ ကံမော်ကြီး၊ ရေင်ကြီး၊ ဘာလိအော်၊ အောင်မြန်မာ၊ ကံပုံ၊ မှာတမ်း စသည့် ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကော့သောင်းမြို့နယ်ရှိ စူငယ်ဘာလှိုင်း ကျေးရွာအုပ်စု အောင်ဘာကျေးရွာ၌ နိုင်ငံတော်မှ ထောက်ပံ့ရန်ပုံငွေ ၆၀ ရာခိုင်နှုန်း၊ ကုမ္ပဏီမှ ၂၀ ရာခိုင်နှုန်း၊ ပြည်သူထည့်ဝင်ငွေ ၂၀ ရာခိုင်နှုန်းတို့ဖြင့် မဟာဓာတ်အားလိုင်းပြင်ပ ဆိုလာအသေးစားဓာတ်အားပေးစနစ် မီးလင်းရေးလုပ်ငန်းကို ၁၂၀ ဒသမ ၆၄ ကီလိုဝပ်၊ ဒီဇယ် ၂၀၀ ကေဗွီအေ စွမ်းအားထပ်မံတိုးမြှင့် တပ်ဆင်ခြင်း အကောင်အထည်ဖော် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများကို ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# MFF "D" Certificate Coaching Course သင်တန်းပြီးဆုံး




မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် MFF "D" Certificate Coaching Course နည်းပြသင်တန်းသည် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက ပြီးဆုံးခဲ့ပြီဖြစ်သည်။

သင်တန်းဆင်းပွဲ အခမ်းအနားကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်(MFF)အစည်းအဝေးခန်းမတွင် ဇန်နဝါရီ ၁၄ ရက် ညနေပိုင်းက ကျင်းပခဲ့ရာ MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးစည်သူဝင်း၊ သင်တန်းနည်းပြဆရာများဖြစ်ကြသော ဦးညီညီလတ်နှင့် ဦးအောင်ဇော်မျိုး၊ MFFမှ တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် MFF အထွေထွေအတွင်းရေးမှူး ဦးထွန်းထွန်းအောင်၊ သင်တန်းနည်းပြဆရာ ဦးအောင်ဇော်မျိုးတို့က သင်တန်းဆင်း အမှာစကား အသီးသီးပြောကြားခဲ့ပြီး သင်တန်းသားတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ထို့နောက် သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ပြီး စုပေါင်းဓါတ်ပုံရိုက်ကူးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

MFF "D" Certificate Coaching Course နည်းပြသင်တန်းကို ဇန်နဝါရီ ၁၁ မှ ၁၄ ရက်အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား၂၇ ဦးနှင့် သင်တန်းသူ ၂ ဦး တက်ရောက်ခဲ့ကြသည်။

(NGB)